# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၂၃ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရေသယံဇာတသည် သဘာဝအရင်းအမြစ်တစ်ခုအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်းနှင့် သက်ရှိများအသက်ရှင်နေထိုင်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်

## လုံခြုံဘေးကင်းသန့်ရှင်းသည့်ရေသည် ကျန်းမာရေးကို အထောက်အကူပြုရုံသာမက ပတ်ဝန်းကျင်ကိုလည်း ကောင်းကျိုးပြု

နေပြည်တော် မတ် ၂၂

ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ❖




အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။


**ယနေ့ ဖတ် စ ရာ**

*မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး*

**မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဋ္ဌမမြောက်အားမာန်** — ဆောင်းပါး စာ ၁၀

**အာဖရိကဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို လာမည့်နှစ်တွင် ဂျပန်နိုင်ငံ ယိုကိုဟားမား၌ ကျင်းပမည်** — နိုင်ငံတကာသတင်း စာ ၁၃

**၂၀၂၄ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့** — ဆောင်းပါး စာ ၁၆

# အမျိုးသားနိုင်ငံရေးတာဝန်

ကမ္ဘာ့အလယ်တွင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ပိုင်နက်နယ်နိမိတ်၊ ပြည်သူများ၊ အုပ်ချုပ်သူအစိုးရနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ ပြည့်စုံရန် လိုအပ်သည်။ အဆိုပါ အင်္ဂါ(၄)ရပ် ပြည့်စုံမှသာ နိုင်ငံ၏ဥပဓိရုပ် ပြည့်စုံသည်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာမှသည် မျက်မှောက်ကာလတိုင်အောင် ဖြစ်ပွားနေသည့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းကြရာမှ ပေါ်ပေါက်လာခြင်းဖြစ်ရာ နိုင်ငံသူ နိုင်ငံသားတို့အတွက် နိုင်ငံသည် အသက်နှင့်ထပ်တူ အရေးပါသည်ကို အဆိုပါဖြစ်ရပ်တွင် သင်ခန်းစာယူဖွယ် တွေ့ရှိနိုင်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ ကာလ မိမိတို့နိုင်ငံပိုင်နက်နယ်နိမိတ်ကို ထိုခေတ်ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည့် ဗြိတိန်က စတင်ထိပါးကျူးကျော်သည်မှစကာ ၎င်းတို့၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံကို တစ်ဆင့်ပြီးတစ်ဆင့် တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းကြောင့် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ ပဒေသရာဇ်အုပ်ချုပ်ရေးယန္တရားမှာ ခေတ်နောက်ကျနေခြင်း၊ အာဏာအားပြိုင်မှုများ ဖြစ်ပေါ်နေခြင်း၊ စည်းလုံးညီညွတ်မှု ပြိုကွဲနေခြင်း၊ နိုင်ငံအုပ်ချုပ် မင်းလုပ်နေသူတို့ ကမ္ဘာကို မကြည့်မြင်နိုင်ခဲ့ခြင်းနှင့် နိုင်ငံ၏ကာကွယ်ရေးစွမ်းအား ချည့်နဲ့နေခြင်းတို့မှာ နိုင်ငံဆုံးရှုံးပြီး နယ်ချဲ့ကျူးကျော်သူလက်အောက် အလွယ်တကူကျရောက်စေခဲ့သည့်အကြောင်းရင်းခံများတွင် ပါဝင်ခဲ့သည်။

မြန်မာ့ခေတ်သစ်တပ်မတော်မှာ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပြည်သူထဲမှ ပေါ်ပေါက်လာခဲ့ပြီး ပြည်သူလူထုနှင့်အတူလက်တွဲကာ နယ်ချဲ့တို့ကို တိုက်ထုတ်ခဲ့သလို ဖက်ဆစ်တို့ကိုလည်း တော်လှန်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်ခဲ့သည့် သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို တိုင်းရင်းသားပြည်သူလူထုနှင့်အတူ လက်တွဲဆင်နွှဲခဲ့ခြင်းဖြစ်ပြီး ယင်းနေ့ကိုပင် တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုနှစ်တွင် (၇၉) နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့် ၇၉ နှစ်တာကာလအတွင်း မိမိတို့နိုင်ငံသည် နိုင်ငံရေးစနစ်အမျိုးမျိုး၊ အစိုးရအဆက်ဆက်တို့နှင့်အတူ အမျိုးမျိုးသော လောကဓံတို့ကို တွေ့ကြုံခံစားခဲ့ရာတွင် တပ်မတော်သည် ပြည်တွင်းရန်၊ ပြည်ပရန်တို့ကို ခုခံကာကွယ်တွန်းလှန် တိုက်ထုတ်ခဲ့ရသည်။ နယ်ချဲ့ကိုတွန်းလှန်တိုက်ခိုက်၍ လွတ်လပ်ရေးရယူရန် ပေါ်ထွက်လာခဲ့သည့် မြန်မာ့တပ်မတော်သည် အမျိုးသားနိုင်ငံရေးနှင့် တစ်သားတည်းရှိနေခဲ့ရာ လွတ်လပ်ရေးရပြီးကာလ တစ်လျှောက်လုံးတွင်လည်း အချုပ်အခြာအာဏာနှင့် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမသွားစေရေးအတွက် ကြိုးပမ်းကာကွယ်ခဲ့ရသည်။ တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်အခန်းကဏ္ဍတွင် အစဉ်တစိုက် ပါဝင်နေခဲ့ရာ နိုင်ငံ၏ အနာဂတ်တွင်လည်း ပါဝင်နေရဦးမည်ဖြစ်သည်။

နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲနေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်နှင့်အတူ အမျိုးသားအရေး၊ ဒီမိုကရေစီရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးသန္နိဋ္ဌာန်များ ချမှတ်ကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၊ နိုင်ငံသားအားလုံး တန်းတူရည်တူရှိမှုကို အတိအလင်း ပြဋ္ဌာန်းထားသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ လိုအင်ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေချိန်တွင် ကျဉ်းမြောင်းသည့် လူမျိုးရေးအစွန်းရောက် အတွေးအခေါ်များ၊ လူမျိုးခွဲခြား မုန်းတီးရေးဖန်တီးမှုများ၊ မိမိတို့အကျိုးစီးပွားအတွက် နိုင်ငံကို ရောင်းစားရန် ကြံစည်မှုများ၊ ပြည်ထောင်စုပြိုကွဲရန် ကြိုးပမ်းမှုများ၊ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများ ရှိနေသရွေ့ တပ်မတော်သည် အမျိုးသားနိုင်ငံရေးဦးဆောင်ကဏ္ဍတွင် ပါဝင်ကာ ပြည်သူလူထုကြီးနှင့် အတူတကွ နိုင်ငံတော်တည်ဆောက်ရေး၊ ကာကွယ်ရေးတာဝန်တို့ကို ထမ်းရွက်နေရဦးမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန်မှာ ပြည်တွင်းစည်းလုံးညီညွတ်ရေး၊ တပ်မတော်နှင့်ပြည်သူ စိတ်ဝမ်းတူညီစွာဖြင့် ပူးပေါင်းလက်တွဲကာ ပြည်တွင်းပြည်ပ အန္တရာယ်တို့ကို ကာကွယ်နိုင်ရေးတို့ လိုအပ်သည့်အလျောက် အမျိုးသားနိုင်ငံရေးတွင် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ကြရပါမည့်အကြောင်း။ ။

# (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## (၅) ကြိမ်မြောက် နိုင်ငံတကာပညာရေးပြပွဲတွင် ဂျပန်ဖောင်ဒေးရှင်း ရန်ကုန်ပါဝင်ပြသမည်

ရန်ကုန် မတ် ၂၂

၂၀၂၄ ခုနှစ် မတ် ၂၃ နှင့် ၂၄ ရက်တို့တွင် The 5th International Education Fair Myanmar ကို မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ Wyndham Grand Yangon Hotel ၏ Grand Ballroom တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ရာ အဆိုပါပြပွဲတွင် The Japan Foundation Yangon က ပါဝင်ပြသသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်နိုင်ရန် အတွက် Okayama University Japan Educational Information Center နှင့် Okayama University Japan Educational Information Center (OJEIC) ၏ အကြံပေးမှုကို အခမဲ့ရယူနိုင်မည်ဖြစ်သည်။ ထို့အပြင် ဂျပန်ဘာသာစကား၊ ယဉ်ကျေးမှုသင်ယူရာတွင် အထောက်အကူ ဖြစ်စေနိုင်မည့် အစီအစဉ်များကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ဂျပန်ရိုးရာလက်ရေးလှ ရေးဆွဲခြင်း၊ Origami စက္ကူခေါက်နည်းသင်ကြားခြင်း၊ ဂျပန်ရိုးရာကစားနည်းများဖြစ်သည့် Kendama, Fukuwarai တို့ကို ပျော်ပျော်ရွှင်ရွှင် သင်ယူကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မတ် ၂၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ MG, MGZS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Innogen Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၁၀၇) သင်တန်းဆင်းပွဲကျင်းပ

ပြင်ဦးလွင် မတ် ၂၂

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စစ်ရေးပြကွင်းတွင် ယနေ့နံနက် ၇ နာရီက စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၁၀၇) သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပရာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ဆက်လက်၍ ပါမောက္ခချုပ် ဦးကျော်စိုးအား အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုရ ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သင်တန်းသားအမှတ် -၄၀၆ ဦးမင်းကျော်(စက်မှုကျွမ်းကျင်-၃) အားလည်းကောင်း၊ သင်တန်းသူ စံပြဆုရ မီးသတ်ဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနမှ သင်တန်းသူအမှတ် -၁၆၁ ဒေါ်စန္ဒာသိန်း (လက်ထောက်မီးသတ်ဦးစီးမှူး) တို့အား လည်းကောင်း၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများအား လည်းကောင်း ဆုများချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ပြီးနောက် သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၄၇ ဦး၊ သင်တန်းသူ ၃၁၇ ဦး စုစုပေါင်း ၄၆၄ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၅-၁-၂၀၂၄ ရက်မှ ၂၂-၃-၂၀၂၄ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **ခင်ရတနာ**





အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ရွှေဖုံးမှ*

ပြည်နယ် ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တေးသံရှင် သန်းမြတ်စိုး၏ "တိမ်တမန်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

**အမှာစကားပြောကြား**

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ရေသယံဇာတသည် သဘာဝအရင်းအမြစ် တစ်ခုအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်းနှင့် သက်ရှိများ အသက်ရှင် နေထိုင်ရေးအတွက် အခြေခံ လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ လုံခြုံဘေးကင်းသန့်ရှင်းသည့် ရေသည် ကျန်းမာရေးကို အထောက်အကူပြုရုံသာမက ပတ်ဝန်းကျင်ကိုလည်း ကောင်းကျိုးပြုကြောင်း၊ ထို့ကြောင့် လူတိုင်း ကျန်းမာသန်စွမ်းနေစေရေး သန့်ရှင်းသည့် သောက်သုံးရေရရှိရန် လိုအပ်ကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ရေကိုစနစ်တကျ ချွေတာအသုံးပြုရန်နှင့် လူတိုင်းလုံခြုံဘေးကင်းသည့် သောက်သုံးရေရရှိနိုင်စေရန် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အသိပေးနှိုးဆော်သည့်အနေဖြင့်နှစ်စဉ် မတ်လ ၂၂ ရက်နေ့ကို **"ကမ္ဘာ့ရေနေ့"** အဖြစ် သတ်မှတ်ပြီး ၁၉၉၃ ခုနှစ်မှစ၍ ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလျက်ရှိကြောင်း၊ နှစ်အလိုက် ကမ္ဘာ့ရေနေ့ဆိုင်ရာ အထူးပြုအသိပေးလိုသည့် အဓိကအကြောင်းအရာ ဆောင်ပုဒ်များကို သတ်မှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ကမ္ဘာ့ရေနေ့ ၂၀၂၄ အတွက် ဆောင်ပုဒ်(Theme)မှာ **"ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကို မြှင့်တင်ပေး" "Leveraging Water for Peace"** ပင်ဖြစ်ကြောင်း။

**ထိခိုက်မှုများဖြစ်ပေါ်**

ကမ္ဘာလုံးဆိုင်ရာ ရေအကျပ်အတည်းသည် လူသားများရင်ဆိုင်နေရသည့် အရေးကြီးဆုံး စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏အဆိုအရ လူဦးရေ နှစ်ဘီလီယံကျော်သည် ဘေးကင်းသည့် သောက်သုံးရေမရရှိကြသည့်အပြင် လေးဘီလီယံကျော်သည်လည်း တစ်နှစ်အနည်းဆုံး တစ်လတာ ရေရှားပါးမှုခံစားနေကြရသည်ကို သိရှိရကြောင်း၊ တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲလာမှုနှင့် လူသားများ၏ ပယောဂများကြောင့် ရေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေအရင်းအမြစ်များ လျော့နည်းလာနေကြောင်း။

ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းသည် ရေများ ဖုံးလွှမ်းလျက်ရှိသော်လည်း ကမ္ဘာ့ရေထုစုစုပေါင်း၏၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် ပင်လယ်သမုဒ္ဒရာဆားငန်ရေများ ဖြစ်ကြကြောင်း၊ ကျန် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရေချိုများဖြစ်ပြီး အဆိုပါ ရေချိုများ၏ ၆၈ ရာခိုင်နှုန်းသည်လည်း ရေခဲတောင်များ၊ ဝင်ရိုးစွန်းများနှင့် လေထုထဲတွင် မိုးတိမ်နှင့် ရေငွေ့များအဖြစ် တည်ရှိနေခြင်းကြောင့် အသုံးမပြုနိုင်ကြောင်း၊ မြေပြင်ပေါ်ရှိ ရေအားလုံး၏ ၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် မြေအောက်ရေ ၃၀ ဒသမ ၁ ရာခိုင်နှုန်းကိုသာ သုံးစွဲနိုင်သည့်အတွက် အသုံးပြုနိုင်သည့်ပမာဏ အလွန်နည်းပါးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ကမ္ဘာပေါ်တွင် ရေချိုအရင်းအမြစ်များ အကန့်အသတ်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ လေ့လာမှုများအရ နှစ်စဉ် လူဦးရေ ၁ ဒသမ ၄ သန်းသည် မသန့်ရှင်းသည့်ရေကြောင့် ဖြစ်ပေါ်သည့်ရောဂါများနှင့် မိလ္လာမသန့်ရှင်းမှုများကြောင့် သေဆုံးနေကြရကြောင်း၊ လူဦးရေ ၇၄ သန်းသည်လည်း တဖြည်းဖြည်းနှင့် သက်တမ်း တိုတောင်းလာသည်ကို တွေ့ရကြောင်း၊ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ရေလိုအပ်ချက်သည် ၅၅ ရာခိုင်နှုန်းအထိတိုးတက်လာမည်ဟု ပညာရှင်များက ခန့်မှန်းထားကြကြောင်း၊ ထို့ပြင် ကမ္ဘာ့လူဦးရေ၏တစ်ဝက်နီးပါးဖြစ်သည့် သန်း ၃၆၀၀ သည် သန့်ရှင်းသည့် မိလ္လာစနစ် မရရှိသေးသည်ကို စစ်တမ်းများ၌ ဖော်ပြထားကြောင်း။

**ထိရောက်စွာစီမံခန့်ခွဲ**

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ရေမူဝါဒများနှင့် ဥပဒေများ ဖော်ဆောင်ချမှတ်ပြီး စိုက်ပျိုးရေးကဏ္ဍအတွက် ရေတိုးမြှင့်ရရှိရေး၊ စွမ်းအင်ကဏ္ဍအတွက် ရေအားလျှပ်စစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အိမ်သုံးရေတိုးမြှင့်ပေးဝေနိုင်ရေး၊ စက်မှုလုပ်ငန်းသုံးရေ ပိုမိုပေးဝေနိုင်ရေးတို့အတွက် ဘက်စုံရေစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ရေစီမံခန့်ခွဲမှုသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရန်၊ ဇီဝမျိုးစုံ မျိုးကွဲများကို ကာကွယ်ရန်၊ ရေညစ်ညမ်းမှုများကို တားဆီးရန်နှင့် ရေဆိုင်ရာပဋိပက္ခဖြေရှင်းရန် စသည့် ပန်းတိုင်များစွာကို ရောက်ရှိစေနိုင်မည့် အရေးကြီးသည့် အခြေခံခြေလှမ်းတစ်ရပ် ဖြစ်ကြောင်း၊ နိုင်ငံတကာက ကောင်းမွန်ပြည့်စုံသည့် ရေစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများကို နမူနာယူပြီး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ်အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့သူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**❖ မြန်မာနိုင်ငံအနေဖြင့် ရေမူဝါဒများနှင့် ဥပဒေများဖော်ဆောင်ချမှတ်ပြီး စိုက်ပျိုးရေးကဏ္ဍအတွက် ရေတိုးမြှင့်ရရှိရေး၊ စွမ်းအင်ကဏ္ဍအတွက် ရေအားလျှပ်စစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အိမ်သုံးရေတိုးမြှင့်ပေးဝေနိုင်ရေး၊ စက်မှုလုပ်ငန်းသုံးရေ ပိုမိုပေးဝေနိုင်ရေးတို့အတွက် ဘက်စုံရေစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ**

**❖ နိုင်ငံတစ်ဝန်း၌ တည်ဆောက်ထိန်းသိမ်းထားရှိသည့် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ရေကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင်လုပ်ငန်း ၂၁၉ ခုရှိပြီး စိုက်ပျိုးရေပေးဝေခြင်း၊ သောက်သုံးရေပေးဝေခြင်းနှင့် အချို့ရေလှောင်တမံများတွင် ရေအားလျှပ်စစ်ထုတ်လုပ်လျက်ရှိ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံအနေဖြင့် **"အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ"** ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ရေဆိုင်ရာကဏ္ဍစုံကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်နှင့် ရေကဏ္ဍအားလုံးကို လွှမ်းခြုံသည့် **"အမျိုးသားရေဥပဒေ"** တစ်ရပ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

**စိုက်ပျိုးရေပေးဝေမှု**

မိမိတို့ နိုင်ငံတစ်ဝန်း၌ တည်ဆောက် ထိန်းသိမ်းထားရှိသည့် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ရေကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင်လုပ်ငန်း ၂၁၉ ခုရှိပြီး စိုက်ပျိုးရေပေးဝေခြင်း၊ သောက်သုံးရေပေးဝေခြင်းနှင့် အချို့ရေလှောင်တမံများတွင် ရေအားလျှပ်စစ်ထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့သူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံ၏ အဓိကမြစ်ကြီး ၄ စင်း ဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်နှင့် အခြားမြစ်ချောင်းများမှ ရေကိုစုပ်တင်ပြီး စိုက်ပျိုးရေပေးဝေရေး ဆောင်ရွက်လျက်ရှိသည့် မြစ်ရေတင်စီမံကိန်း စုစုပေါင်း ၃၉၀ ရှိပြီး စိုက်ပျိုးရေပေးဝေနိုင်သည့် မြေဧရိယာဧက ခုနစ်သိန်းငါးသောင်း နီးပါးရှိကြောင်း၊ ထို့အပြင် မြေအောက်ရေတွင်းများ တူးဖော်ပြီး စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်း ၁၄၉၈၉ ခုမှ စိုက်ပျိုးမြေဧရိယာဧကကိုးသိန်းသုံးသောင်းနီးပါးကိုရေပေးဝေလျက်ရှိကြောင်း။

**အကျိုးရှိစွာအသုံးချ**

မိမိတို့နိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍသည် ရေချိုသုံးစွဲမှုအများဆုံးဖြစ်ပြီး ၈၉ ရာခိုင်နှုန်းကို သုံးစွဲလျက်ရှိနေသောကြောင့် ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲနိုင်ရေးသည် နိုင်ငံအတွက် အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်လာကြောင်း၊ အနာဂတ်ရေဖူလုံစေရေးအတွက် ရေစီမံအုပ်ချုပ်ရေးဟုခေါ်သည့် (Water Governance) လုပ်ငန်းများတွင် လူငယ်များ၏ ပါဝင်မှုသည် လွန်စွာအရေးကြီးသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများ ရရှိစေရန် လူငယ်များကို အသိပညာပေးခြင်းသည် အရေးပါသည့်အခန်းကဏ္ဍအဖြစ် ပါဝင်လျက်ရှိကြောင်း။

နောက်ထပ် အရေးကြီးသည့်အချက်မှာ ရေဆိုင်ရာအချက်အလက် (Data) များကို အခြေခံပြီး သိပ္ပံနည်းကျ ရေစီမံခန့်ခွဲမှုနည်းလမ်းများတွင် အသုံးချခြင်းဖြင့် လူသားနှင့် သက်ရှိများစွာ



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

အတွက် အလွန်အကျိုးရှိကြောင်း သုတေသနများစွာက သက်သေပြနိုင်သည်ကို တွေ့ရှိရကြောင်း၊ ရေဆိုင်ရာ သိပ္ပံနည်းကျသုတေသနလုပ်ငန်းများတွင် ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံခြင်းဖြင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များ၏ သဘောသဘာဝများကို ပိုမိုနားလည်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး ရေအရင်းအမြစ်များကို အသုံးချနိုင်ရန်နည်းလမ်းများ၊ ရေနှင့်ဆိုင်သည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်နိုင်မည့် နည်းလမ်းများကိုရှာဖွေရာတွင်လည်းကောင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ခြင်း(Decision-Making) ပြုလုပ်ရာတွင်လည်းကောင်း ပိုမိုတိကျစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုမိမိတို့နိုင်ငံတွင်လည်း **"ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့"** ဖွဲ့စည်းထားပြီးဖြစ်သဖြင့် ရေဆိုင်ရာ အချက်အလက်များကို စုစည်းကာ (Data Bank) တစ်ခု ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိကြောင်း။



ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက "မေတ္တာရေတစ်စက်" ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

**အလေးထားဆောင်ရွက်**

ယခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ်ဆောင်ပုဒ်အတိုင်း **"ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး"** နိုင်ရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လည်းကောင်း၊ ဥပဒေအားဖြင့်လည်းကောင်း၊ နည်းပညာအားဖြင့်လည်းကောင်း၊ အစွမ်းကုန်ထိန်းသိမ်းသွားရန် လိုအပ်ပြီး အမြော်အမြင်ရှိစွာဖြင့် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန်၊ အနာဂတ်ရေဖူလုံစေရေး လူငယ်များ၏ပါဝင်မှုသည် အရေးကြီးသည့်အတွက် လူငယ်များကို လေ့ကျင့်ပျိုးထောင်ရေးကို အလေးထား ဆောင်ရွက်ပေးကြရန်၊ မိမိတို့၏ လက်ရှိနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် နိုင်ငံ၏ ရေအရင်းအမြစ်များကို ရေရှည်တည်တံ့ပြီး မျှတစွာသုံးစွဲနိုင်စေရန်၊ ရေအရင်းအမြစ်ကို ထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုသွားနိုင်ရေး ရေဆိုင်ရာ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

စီမံခန့်ခွဲမှုကဏ္ဍများတွင် အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ်အလွတ်တန်း အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက “ကမ္ဘာ့ရေနေ့ ဂုဏ်ပြုတေးသီချင်း” ဖြင့်ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများတင်ဆက်ကြသည့် “မေတ္တာရေတစ်စက်” ပြဇာတ်တို့ကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေတို့ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ် ပြခန်းများအတွင်း ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

✻ *ကျောဖုံးမှ*

စစ်ချီသီချင်းများသီဆို၍ ညီညာစွာ ချီတက်ကြပြီးစစ်ရေးပြအခမ်းအနားအစီအစဉ်အတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ လေ့ကျင့်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါစစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီး အထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး အမှူးပြုသည့် အလှူ့ရှင် အလှူ့အမ ဝန်ထမ်းမိသားစုများက မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ ရှင်လောင်းထုတ်ခြင်းအစီအစဉ်ဆောင်ရွက်စဉ်။

အလှူတော်မင်္ဂလာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး အမှူးပြုသည့် အလှူ့ရှင် အလှူ့အမ ဝန်ထမ်းမိသားစုများသည် ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့်အတူ အနုပညာရှင် ဒိန်းဒေါင်နှင့် ရွှေတံဆိပ်ဆုရှင် ဇော်လင်းတို့က ဦးဆောင်ကာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး အမှူးပြုသည့် အလှူ့ရှင် အလှူ့အမ ဝန်ထမ်းမိသားစုများက မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ ရှင်လောင်းထုတ်ခြင်းအစီအစဉ်ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများနှင့် ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ပြီး ဦးခိုက်ကန်တော့ခြင်းနှင့် ရှင်လောင်းလှည့်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ရှင်သာမဏေလောင်းများသည် ရွှေနံ့သာရပ်ကွက်ရှိ ရွာတော်ရှင်နတ်နန်းသို့ သွားရောက်ပြီး နတ်အပူဇော်ခံကြသည်။

**ရှင်လောင်းသွင်းခြင်းဆောင်ရွက်**

ထိုသို့ ရှင်လောင်းလှည့်လည်အပြီး ဝန်ကြီးရုံး အလှူတော်မင်္ဂလာခန်းမအပြင်တွင် စုစည်း၍ ရှင်လောင်းသွင်းခြင်းအစီအစဉ်ကို ထုံးတမ်းအစဉ်အလာနှင့်အညီ ဆက်လက်ဆောင်ရွက်ကြသည်။

ယင်းနောက်ရဟန်းလောင်း၊ သာမဏေလောင်းများ၊ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ ဘိသိက်သွန်းခြင်း မင်္ဂလာအစီအစဉ်ကို ကျင်းပသည်။

ထို့နောက် သက်ဆိုင်ရာဌာနအလိုက် ကုသိုလ်ပြုဆောင်ရွက်ကြမည့် ဘုန်းတော်ကြီးကျောင်းများ၌ ဆံချခြင်း၊ ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများ သင်္ကန်းတောင်းခြင်း၊ သင်္ကန်းစည်းခြင်း၊ သီလရှင်လောင်းများအတွက် သီလရှင်ပြုဖွယ်ကိစ္စရပ်များ ဆောင်ရွက်ခြင်းနှင့် ရဟန်းလောင်းများ ဥပသမ္ပဒကံဆောင်ခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**နေ့လယ်စာဖြင့် ဧည့်ခံမည်**

အလှူတော်မင်္ဂလာနေ့ မတ် ၂၃ ရက်တွင် ရဟန်းလောင်းများ သိမ်တက်ခြင်း၊ သိမ်ဆင်းလောင်းလှူခြင်း၊ အလှူတော်မင်္ဂလာ တရားနာယူခြင်း၊ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်ချအမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့ ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနား၌ ရဟန်း ၃၃ ပါး၊ ရှင်သာမဏေ ကိုးပါး၊ သီလရှင် ခြောက်ပါး စုစုပေါင်း ၄၈ ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



(၇၄)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စွန့်လွှတ်စွန့်ဝံ့ ဂုဏ်ဒြပ်နှင့်အတူ ...

--- မိုးမြင့် ---

ယနေ့မြန်မာ့တပ်မတော်ဟာ ပထဝီနိုင်ငံရေးအရ နယ်မြေချဲ့ထွင်လိုတဲ့ ပြည်ပဖိအားတွေကို အန်တုရင်း ဘယ်ခေတ်နဲ့မှမတူတဲ့ ပြည်တွင်းလက်နက်ကိုင်ပေါင်းစုံနဲ့ ရင်ဆိုင်တိုက်ခိုက်နေရတယ်၊ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုကို ရင်ဆိုင်နေရတဲ့ နိုင်ငံတစ်နိုင်ငံမှာ အချုပ်အခြာ ပွန်းပဲ့ပါမသွားအောင် ကြိုးစားကာကွယ်နေရသလို ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးမသွားအောင်လည်း စောင့်ရှောက်ကာကွယ်ပေးနေရတယ်၊ အသက်သွေးချွေး အမြောက်အမြား စွန့်လွှတ်ပေးဆပ်မှု အရင်းအနှီးကြီးကြီးနဲ့ကို ပြည်သူအတွက်၊ နိုင်ငံအတွက် ပေးဆပ်နေရခြင်း ဖြစ်ပါတယ်။

နိုင်ငံရဲ့အရှေ့မြောက်ဒေသမှသည် အနောက်မြောက်၊ အနောက်၊ အရှေ့နဲ့ အရှေ့တောင်၊ စစ်ကိုင်း၊ မကွေးစတဲ့ နိုင်ငံအနှံ့ပတ်ချာလည်မှာ တိုက်ပွဲကြီး၊ တိုက်ပွဲငယ်ပေါင်းစုံကို ဆင်နွှဲနေရာမှာ ပြည်ဖျက်လက်နက်ကိုင် ရောင်စုံသောင်းကျန်းသူ တစ်ဖွဲ့တစ်ဖွဲ့ အင်အားထောင်သောင်းဂဏန်းချီပြီး နေ့စဉ်နဲ့အမျှ အပြင်းအထန်တိုက်ခိုက်နေရခြင်း ဖြစ်ပါတယ်။ ယခင်ကလို တစ်ဖွဲ့တစ်ခုတည်းနဲ့ နယ်မြေတစ်ခုတည်းမှာ တိုက်ရတဲ့တိုက်ပွဲမျိုးတွေ မဟုတ်တော့ဘဲ ပြည်ပအထောက်အပံ့ခံ ခေတ်မီလက်နက်ပစ္စည်း အတောင့်တင်းဆုံးအင်အားနဲ့ ပွဲထွက်လာတဲ့ ရောင်စုံအကြမ်းဖက်လက်နက်ကိုင်တွေနဲ့ ရင်ဆိုင်ရတဲ့ အခြေအနေဟာ သာမန်တပ်မတော်တစ်ခုအနေနဲ့ဆို ဘယ်လွယ်ပါ့မလဲ။

### နားလည်တန်ဖိုးထားစေချင်

**ပြည်သူကို တံတိုင်းလုပ်၊ လူနေအိမ်ခြေအကာအကွယ်ယူ၊ မြို့တွင်းတိုက်ပွဲဖော်ဆောင် တိုက်တဲ့လက်နက်ကိုင်နဲ့ ပြည်သူမထိခိုက်အောင် မြို့နဲ့လူနေရပ်ကွက်ရှောင်ပြီး တိုက်ရတဲ့တပ်မတော်ကြားယခုလို ခြားနားချက်က တပ်မတော်သားတွေရဲ့ အသက်တွေ ပိုပေးဆပ်ရစေတယ်။ ပြည်သူကို ကာကွယ်စောင့်ရှောက်ပြီး ဘေးကင်းရာဆီပို့ပေးတဲ့ တပ်မတော်နဲ့အရပ်သားယောင်ဆောင်ပြီး ပြည်သူသဏ္ဍာန်အသွင်ယူတဲ့ သောင်းကျန်းသူ စေတနာအရာ အများကြီး ကွာပါတယ်။**

မြန်မာ့တပ်မတော်ဟာ ငြိမ်းချမ်းရေးကို အမြဲလိုလားပေမယ့် နယ်မြေခွဲထွက်ရေး အကြောင်းပြငြိမ်းချမ်းရေးကို ဖျက်ဆီးနေသူတွေကြောင့် စစ်ပွဲလည်း ပိုကြာနေရတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဒို့တာဝန်အရေးသုံးပါးနဲ့ NCA ကို လက်ကိုင်ထားတဲ့ တပ်မတော်နဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်ဗန်းပြ ဥပဒေမဲ့ လက်နက်ကိုင်တွေကြားက ပဋိပက္ခမှာ တပ်မတော်ကတော့ နိုင်ငံကံကြမ္မာအတွက်၊ အချုပ်အခြာအတွက်၊ ပြည်သူအတွက် ကိုယ့်အလုပ်ကိုယ်လုပ်နေဆဲပါပဲ။ ယနေ့နိုင်ငံအခြေအနေက ခေါင်းဆောင်တွေအမြော်အမြင်အားနည်းရင်၊ ပြည်သူတွေ မညီညွတ်ရင်၊ တပ်မတော်အင်အားမတောင့်တင်းရင် နိုင်ငံအချုပ်အခြာပျက်ယွင်းပြီး တိုင်းပြည်က ခဏလေးနဲ့ ပြိုကွဲသွားနိုင်တဲ့ အခြေအနေမျိုးဖြစ်ပါတယ်။



(၇၈) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် စစ်ကြောင်းများချီတက်ကြစဉ်။

ယခုလိုအန္တရာယ်မျိုးကို ကာကွယ်နိုင်မယ့် လျှို့ဝှက်လက်နက်က အင်အားတောင့်တင်းပြီး သစ္စာရှိတဲ့တပ်မတော်နဲ့ ပြည်သူအားလုံးရဲ့ ညီညွတ်မှုပါပဲ။ ဒါကြောင့် တပ်မတော်ရဲ့တန်ဖိုး အထူးသဖြင့် စွန့်လွှတ်စွန့်စားစိတ်နဲ့ အသက်ပေးတာဝန်ထမ်းနေကြတဲ့ စစ်မှုထမ်းများရဲ့ နက်နဲတဲ့စိတ်ဝိညာဉ်ကို နားလည်တန်ဖိုးထားစေချင်လှတယ်။

### နိုင်ငံလုံခြုံရေးသာမက လူသားလုံခြုံရေး အတွက်ပါ

သူတို့ဟာ နိုင်ငံရဲ့ရတနာ နိုင်ငံ့သားကောင်းတွေပါပဲ။ တိုင်းပြည်ရဲ့လုံခြုံရေးအတွက် တစ်နေ့ ၂၄ နာရီတာဝန်ရှိနေသူတွေဖြစ်ပြီး အရေးကြုံတိုင်း ရှေ့တန်းထွက် တိုက်ပွဲဝင်ရသူတွေ ဖြစ်တယ်။ ပြည်သူကို ရန်သူလိုသဘောမထားတဲ့ သူတို့ဟာ စစ်မြေပြင်နဲ့ အကျွမ်းတဝင် ရင်းနှီးသူတွေဖြစ်ကြပေမယ့် စစ်ပွဲမဟုတ်တဲ့ စစ်ပွဲတွေကိုလည်း ဆင်နွှဲကြရတယ်။ ယနေ့လိုကာလမျိုး နည်းပါးလွန်းတဲ့အချိန်လေးမှာပင် မိသားစုကို နွေးနွေးထွေးထွေးအချိန်မပေးနိုင်၊ သမိုင်းပေးတာဝန်အရ ပြည်သူတွေ အသက်ရှင်သန်ရပ်တည်နိုင်ရေး၊ လူမှုစီးပွားဘဝလိုအပ်ချက်တွေကို လိုက်လံဖြည့်ဆည်းနေရတယ်။ စားရေရိက္ခာမပြတ်အောင်၊ စားရေရိက္ခာဖူလုံအောင်နဲ့ လမ်းတံတားလို အခြေခံအဆောက်အအုံ တည်ဆောက်ရေးမှာ တစ်တပ်တစ်အား ပါဝင်ထမ်းရွက်နေရတယ်။ ရေကြီး၊ မုန်တိုင်း၊ မီးလောင်၊ သဘာဝဘေးအန္တရာယ်ကျရောက်တိုင်း အရေးပေါ်ကယ်ဆယ်ကြရတယ်။ ပြန်လည်ထူထောင်ရေးတွေမှာ မပါမဖြစ်ပါနေရပြီး အရှည်တည်တံ့တည်ငြိမ်မယ့် နိုင်ငံရေးဖြစ်စဉ်အသစ်တစ်ခု ဖြစ်ထွန်းရေးမှာလည်း ပါဝင်ကူညီနေရတယ်။

ကိုဗစ် - ၁၉ ကူးစက်ကပ်ဘေး အပါအဝင် တိုင်းရင်းသားတွေရဲ့ကျန်းမာရေးကို စောင့်ရှောက်ကုသခြင်းတာဝန်ကပင် တပ်မတော်ရဲ့သမားစဉ်အလုပ်တစ်ခုဖြစ်နေပါပြီ။ ယခုလို သစ္စာရှိရှိပေးဆပ်မှုတွေကို လက်နက်ကိုင်တွေရဲ့စနက်ကြောင့် အမှန်တကယ် ဒုက္ခပင်လယ်ဝေရရှာတဲ့ တိုင်းရင်းသားဒေသခံတွေက ပိုသိပိုနားလည်၊ ပိုတန်ဖိုးထားတာတွေ့ရတယ်။ နယ်စွန်နယ်ဖျားက ရိုးသားတဲ့ တိုင်းရင်းသားတွေဆိုရင် တပ်မတော်သားတွေအပေါ် အားကိုးရလို့ ပိုပြီးချစ်မြတ်နိုးကြတယ်။ ဒါကြောင့် တပ်မတော်သားတွေက သူတို့ရဲ့ဘဝနဲ့ထပ်တူ စိတ်ဓာတ်ကောင်းစွာနဲ့ ယခုလိုပေးဆပ်မှုတွေအပေါ်မှာ ပြည်သူအားလုံးအနေနဲ့ တန်ဖိုးထားစေချင်၊ အသိအမှတ်ပြုစေချင်ပါတယ်။ ထိုသို့သော တန်ဖိုးထားမှုကသာ တပ်မတော်သားတွေရဲ့စိတ်ဓာတ်နဲ့ ယုံကြည်ချက်ကို ပိုမိုမြင့်မားစေမှာဖြစ်ပါတယ်။

### သူရဲကောင်းစိတ်ဓာတ်ဟူသည်

မြန်မာ့တပ်မတော်သားတွေဟာ သူရဲကောင်းပီသသူတွေဖြစ်ကြသလို ခေတ်အဆက်ဆက်တပ်မတော်သမိုင်းမှာ စွန့်ဝံ့စွန့်စား အာဇာနည်အမြောက်အမြား ပေါ်ထွက်ခဲ့ကြဖူးတယ်။ ယခုမျက်မှောက်ဖြစ်စဉ်တွေမှာ ရန်သူက မိမိတို့တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်ကို အကြိမ်ကြိမ်ရိုက်ချိုးပြနေတဲ့ကြားမှ စစ်မြေပြင်မှာ စစ်သားမာန်အပြည့်ရှိတဲ့ အရာရှိ ကြီး ငယ်၊ စစ်သည်သူရဲကောင်းများစွာ ထွက်ပေါ်လာနေခြင်းဟာ မြန်မာ့တပ်မတော်အတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။ ရန်သူဘက်က သာလွန်အင်အားနဲ့ အပြင်းအထန်ထိုးစစ်ဆင်နေတဲ့ စစ်မြေပြင်မှာ အခြေအနေအရ ခွာစစ်ဆင်ရပြီး ရန်သူ့ချီစစ်ကို ရပ်တန့်အောင် လုပ်နိုင်စွမ်းရှိခဲ့တယ်။ ကိုယ့်စစ်သည်တွေရဲ့အသက်ကို ငဲ့ကွက်ပြီး ဆုတ်ခွာဖို့အထက်က အမိန့်ပေးတာတောင် မိမိစခန်းကိုမစွန့်၊ အသေခံပြီး ကိုယ့်ငယ်သားတွေ ဘေးကင်းအောင် သေအတူရှင်မကွာရှိခဲ့ကြတဲ့ တိုက်ပွဲဝင်အရာရှိကြီးတွေရဲ့ သတ္တိနဲ့စစ်ရေးစွမ်းရည်၊ ရန်သူ့ထိုးစစ်ကို လက်နက်မချ၊ သေမြေကြီး ရှင်ရွှေထီးပမာ သူရဲကောင်းပီသစွာ ခုခံတိုက်ခိုက်ခဲ့တဲ့ အရာရှိငယ်တွေ၊ ရဲတပ်ဖွဲ့အရာရှိစစ်သည်တွေကို တွေ့ရမြင်ရတာ အားရစရာပါ။

**ရာနဲ့ချီတဲ့ရန်သူရဲ့ ရက်ကြာရှည် ဝိုင်းပတ်ပိတ်ဆို့ခံရတဲ့ စခန်းက မိမိစစ်သည်တွေ စိတ်ဓာတ်မပျက်ပြားအောင် လှုံ့ဆော်နိုင်ခဲ့တဲ့ စည်းရုံးရေးမှူးခေါင်းဆောင်ကောင်းတွေအကြောင်း ကြားသိခဲ့ရတယ်။ ဒါဟာ စစ်သားပီသသူတွေကိန်းအောင်းရာ မြန်မာ့တပ်မတော်အတွက် အားရဂုဏ်ယူစရာဖြစ်ပါတယ်။ ယခုလို စိတ်ဓာတ်မျိုးတွေကို ပြည်သူအားလုံး၊ တပ်မတော်သားအားလုံးက လေ့လာအတုယူသင့်ပါတယ်။ သို့ပေမယ့် ရန်သူပေါင်းစုံဟာ ပြည်ပဩဇာခံပြီး နိုင်ငံကို အလုံးစုံပျက်သုဉ်းရေး လမ်းစဉ်လိုက်ကာ စစ်မီးတောက်အောင် အဆက်မပြတ်လုပ်ဆောင်နေတဲ့အတွက် ယနေ့ခေတ်အရာရှိစစ်သည်တွေမှာ တိုက်လိုခိုက်လိုစိတ်နဲ့ တိုက်ပွဲဝင်စိတ်ဓာတ်၊ သေရဲတဲ့စိတ်နဲ့ ဘယ်တော့မှ အလံဖြုတ်မထောင်ဘူးဆိုတဲ့စိတ်ဓာတ်မျိုးကိုတော့ သံမှိုနှက်သလို ရိုက်သွင်းထားဖို့ လိုအပ်ပါမယ်။**

### နိုင်ငံချစ်စိတ်အစ စိတ်ဓာတ်ကောင်းတွေရှိနေသရွေ့

သူရဲကောင်းများစွာ မွေးဖွားရာ မြန်မာ့တပ်မတော်မှာ ကမ္ဘာ့အခြားဘယ်တပ်မတော်နဲ့မှ မတူတဲ့အချက်တစ်ခုက ရှိနေတယ်၊ ခေတ်အဆက်ဆက်လိုအပ်ချက်အရ တိုက်ပွဲနဲ့မပြတ်တဲ့ တပ်မတော်တစ်ခုရဲ့ကံကြမ္မာဟာ လွတ်လပ်ရေးမရမီနဲ့ ရပြီးတောက်လျှောက် နိုင်ငံရေး ဒီရေအတက်အကျနဲ့ ဆက်စပ်နေတဲ့အချက်ဟာ ထူးခြားချက်ပါပဲ။ အရှုပ်အထွေးများတဲ့ နိုင်ငံရေးပယောဂနဲ့အတူ အဘက်ဘက်က ပျက်စီးစေလိုတဲ့ နိုင်ငံရေးကွဲလွဲမှုတွေကြား၊ ဝါဒမှိုင်းတွေကြားမှာ တပ်မတော်ရဲ့ပုံရိပ်ဟာ အတော်အတန် ထိခိုက်ခဲ့ရပေမယ့် တပ်မတော်သားတွေဟာ ခေတ်အဆက်ဆက်မှာ နိုင်ငံနဲ့ပြည်သူအတွက်၊ တပ်မတော်အတွက် အသက်စွန့်ဖို့ ဘယ်သောအခါမှ ဝန်မလေးခဲ့ကြသူတွေ ဖြစ်တဲ့အတွက် စွန့်လွှတ်ပေးဆပ်ရင်းနဲ့ စစ်မြေပြင်မှာ ကျန်ခဲ့ရသူတွေကို ကျွန်တော်တို့အားလုံးက မမေ့မလျော့ အလေးထားဂုဏ်ပြုကြရပါမယ်။ သူတို့ဟာ အခြေအနေဆိုးတွေအကြား တာဝန် အလွန်ကျေပွန်ခဲ့ကြပြီး အများအတွက် အနစ်နာခံခဲ့သူတွေ ဖြစ်ကြတယ်။ ပေးအပ်တဲ့တာဝန်ကို ဦးဆွေးဆံမြည့်ထမ်းရွက်ရင်း တပ်မတော်အပေါ် ထာဝရသစ္စာရှိသူတွေလည်း ဖြစ်တယ်။ အမေ့ခံတွေမဟုတ်တဲ့အတွက် မမေ့နိုင်တဲ့သူတွေကတော့ ထာဝစဉ်ဂုဏ်ပြုလျက်ပါ။ *စာမျက်နှာ ၇ သို့*

✳ ပြည်သူကို တံတိုင်းလုပ်၊ လူနေအိမ်ခြေအကာအကွယ်ယူ၊ မြို့တွင်းတိုက်ပွဲဖော်ဆောင်တိုက်တဲ့လက်နက်ကိုင်နဲ့ ပြည်သူမထိခိုက်အောင် မြို့နဲ့လူနေရပ်ကွက်ရှောင်ပြီး တိုက်ရတဲ့တပ်မတော်ကြားယခုလို ခြားနားချက်က တပ်မတော်သားတွေရဲ့ အသက်တွေ ပိုပေးဆပ်ရစေတယ်။ ပြည်သူကို ကာကွယ်စောင့်ရှောက်ပြီး ဘေးကင်းရာဆီပို့ပေးတဲ့ တပ်မတော်နဲ့အရပ်သားယောင်ဆောင်ပြီး ပြည်သူသဏ္ဍာန်အသွင်ယူတဲ့ သောင်းကျန်းသူ စေတနာအရာ အများကြီးကွာပါတယ်

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၂**

(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်သည်။




အဆိုပါအလှူငွေပေးအပ်ပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်သိန်းဇော်နှင့် စစ်ကြောင်းမှူးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကုမ္ပဏီ ၂၁၅ ခုနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုအလှူငွေစုစုပေါင်း ငွေကျပ် (၁၃၆၅၆၃၀၀၀၀) ၁ ဒသ မ ၃ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း **(အပေါ်ပုံ)**၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စောသန်းလှိုင်၊ တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကိုလေး၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်သိန်းဇော်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဂုဏ်ပြုအလှူငွေ ပေးအပ်လှူဒါန်းပွဲ အပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဒုတိယနေ့ ဆက်လက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် မတ် ၂၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။



ထိုသို့ သွားရောက် ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေး၊ စစ်သည်တေး သီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် ဆက်လက်သီဆိုကပြ ဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင် ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အလေးဂရုပြုရမယ့်အချက်တစ်ခုက နောင်လာနောက်သားတွေရဲ့နှလုံးသားမှာ ယခုလို နိုင်ငံချစ်စိတ်ထက်သန်ရှင်သန်နေဖို့ အမြဲပြောနေ၊ အမြဲမျှဝေနေဖို့ လိုအပ်ခြင်းပါပဲ။ နိုင်ငံချစ်စိတ်ဆိုတာ ဒီနိုင်ငံမှာဖွားပြီး ဒီနိုင်ငံအကျိုးသယ်ပိုးတဲ့ နိုင်ငံသားကောင်းတွေမှာသာရှိနိုင်တဲ့ စိတ်ဓာတ်မျိုးဖြစ်ကြောင်း ယနေ့လူငယ်တွေ သိရှိထားသင့်ပါတယ်။ လွတ်လပ်ရေးနဲ့အချုပ်အခြာကို ကာကွယ်စောင့်ရှောက်ပေးနေတဲ့ တပ်မတော်ကြီးကို ဂုဏ်ယူတတ်ရမှာဖြစ်ပြီး စစ်သည်တွေရဲ့ စွန့်လွှတ်ရဲတဲ့ သတ္တိဗျတ္တိကို ဂုဏ်ယူလေးစားနေအောင်၊ သူတို့တွေရဲ့ ပင်ပန်းဆင်းရဲမှုကို စာနာနားလည်နိုင်အောင်၊ တန်ဖိုးရှိရှိသေခြင်းနဲ့ တန်ဖိုးမဲ့သေခြင်း အကြား ခွဲခြားနားလည်အောင် သင်ကြားပြသပေးသင့်ပါတယ်။

သေပြီးမှသူရဲကောင်းဖြစ်တာမဟုတ်၊ မသေခင်ကတည်းက သူရဲကောင်းတွေအဖြစ် သတ်မှတ်ခံထိုက်သူတွေဖြစ်အောင် ကြိုးစားကြရမယ်။ အသက်ခန္ဓာစွန့်လွှတ်ခဲ့တဲ့ တပ်မတော်သားတွေကို နမူနာယူပြီး နိုင်ငံရဲ့ ကာကွယ်ရေးခွန်အားဖြစ်တဲ့ ပညာတတ်သူရဲကောင်းတွေ ရှိနေသရွေ့ ငါတို့တိုင်းပြည်ဟာ ဘယ်တော့မှမကျဆုံးဘူးဆိုတဲ့ စိတ်ဓာတ်မျိုးကိုခေတ်အဆက်ဆက် လေ့ကျင့်မွေးမြူထားနိုင်ရပါမယ်။

**✳ ရာနဲ့ချီတဲ့ရန်သူရဲ့ ရက်ကြာရှည် ဝိုင်းပတ်ပိတ်ဆို့ခံရတဲ့ စခန်းက မိမိစစ်သည်တွေ စိတ်ဓာတ်မပျက်ပြားအောင် လှုံ့ဆော်နိုင်ခဲ့တဲ့ စည်းရုံးရေးမှူး ခေါင်းဆောင်ကောင်းတွေအကြောင်း ကြားသိခဲ့ရတယ်။ ဒါဟာ စစ်သားပီသသူတွေ ကိန်းအောင်းရာ မြန်မာ့တပ်မတော်အတွက် အားရဂုဏ်ယူစရာဖြစ်ပါတယ်။ ယခုလို စိတ်ဓာတ်မျိုးတွေကို ပြည်သူအားလုံး၊ တပ်မတော်သားအားလုံးက လေ့လာအတုယူသင့်ပါတယ်။ သို့ပေမယ့် ရန်သူပေါင်းစုံဟာ ပြည်ပသြဇာခံပြီး နိုင်ငံကို အလုံးစုံပျက်သုဉ်းရေး လမ်းစဉ်လိုက်ကာ စစ်မီးတောက်အောင် အဆက်မပြတ်လုပ်ဆောင်နေတဲ့အတွက် ယနေ့ခေတ် အရာရှိ စစ်သည်တွေမှာ တိုက်လိုခိုက်လိုစိတ်နဲ့ တိုက်ပွဲဝင်စိတ်ဓာတ်၊ သေရဲတဲ့စိတ်နဲ့ ဘယ်တော့မှ အလံဖြူမထောင်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုးကိုတော့ သံမှိုနှက်သလို ရိုက်သွင်းထားဖို့လိုအပ်ပါမယ်**

ဘယ်လိုဖြစ်ဖြစ်ပါ၊ မြန်မာ့တပ်မတော်နဲ့ တပ်မတော်သားတွေကတော့ ပြည်သူကို ဘယ်တော့မှ သစ္စာမဖောက်၊ ခေတ်အဆက်ဆက် မပြီးဆုံးနိုင်တဲ့ ပဋိပက္ခများနဲ့ ဘေးအန္တရာယ်ကြုံတိုင်းမှာ မိမိတို့ရဲ့ အသက်သွေးချွေးခန္ဓာဝိညာဉ်တွေကို ပေးဆပ်နေကြဦးမှာပါ။ အရေးကြီးဆုံးက ကျွန်ုပ်တို့ရဲ့တပ်မတော်ကြီး ရုပ်ပိုင်း၊ စိတ်ဓာတ်ပိုင်း အင်အားတောင့်တင်းနေဖို့နဲ့ အချင်းချင်းသစ္စာရှိဖို့ အဓိကဖြစ်ပါတယ်။ သပ်လျှိုဖြိုခွဲ သွေးခွဲစကားတွေကို မယုံမိဖို့လိုပါတယ်။ စိတ်ဓာတ် ၊ စည်းကမ်း ၊ သစ္စာ၊ စည်းလုံး ဆိုတဲ့ ပေတံနဲ့ တိုင်းတာနိုင်တဲ့ **အချက်တွေကို ပိုင်ဆိုင်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းဟာ တပ်မတော်တစ်ခုပဲ ဖြစ်ပါတယ်။ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု အာမခံချက်က တပ်မတော်လက်ထဲမှာပဲ ရှိပါတယ်။**

နောက်ဆုံး နိုင်ငံနဲ့ပြည်သူကို အသက်ပေးကာကွယ်ပေးနိုင်စွမ်းသည်လည်း တပ်မတော်မှာပဲ ရှိပါတယ်။ လက်ရှိအခြေအနေအရတော့ စစ်ကိုမုန်းပေမယ့် ငြိမ်းချမ်းရေးကိုဖျက်ဆီး၊ စစ်မီးမွှေးသူတွေကြောင့် စစ်ကိုမတိုက်ချင်ဘဲ တိုက်နေရပါဦးမယ်။ အနိုင်အရှုံး မပြီးသေးတဲ့ပွဲမှာ ငြိမ်းချမ်းရေးကို လိုချင်လို့ စစ်ကိုဆက်လက်ဆင်နွှဲရပါဦးမယ်။ ကျူးကျော်မှုကို ခုခံတွန်းလှန်ဖို့ ပြင်ဆင်ထားရပါမယ်၊ နယ်ချဲ့ကို ရင်ဆိုင်နိုင်အောင် အင်အားရှိရပါမယ်၊ မတရားမှုကို တားဆီးနိုင်ရပါမယ်။ သေချာတာတစ်ခုက နိုင်ငံနဲ့ ပြည်သူအတွက် အမျိုးဘာသာ သာသနာအတွက် ဆင်နွှဲရသော တရားသောစစ်ပွဲဖြစ်တဲ့အတွက် အောင်ပွဲသည် လက်တစ်ကမ်းမှာပဲ ရှိနေတယ်ဆိုတဲ့ ယုံကြည်ချက်ပါ။ ထိုအချက်ကို အခိုင်အမာနှလုံးသွင်းပြီး စိတ်ဓာတ်ခွန်အားများ တတ်နိုင်တဲ့ဘက်က ပေးကြရအောင်ပါ။ ဘယ်လိုတိုက်ပွဲဖြစ်ဖြစ် ပေးဆပ်အနစ်နာခံသူတွေရှိနေသရွေ့ အောင်ပွဲအလီလီရနေမှာပဲ ဖြစ်ပါတယ်။ ။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများသို့ ရန်ပုံငွေထောက်ပံ့ပေးအပ်၊ ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာ ဆင်သေချောင်း လျှပ်စစ်ရေတင်မှ နွေသီးနှံရေပေးဝေ

**နေပြည်တော် မတ် ၂၂**

(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများသို့ ရန်ပုံငွေထောက်ပံ့ပေးအပ်ပွဲနှင့် ကျေးရွာသစ်လှုပ်ရှားမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း AERDTC ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများ ထူထောင်ဆောင်ရွက်ကြမည့် မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ၊ စီမံကိန်းဝင်ကျေးရွာ ၄၀ မှ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးဦးစီးဌာနက ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အထောက်အပံ့ဖြင့် ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများ ထူထောင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျေးရွာပေါင်း ၂၄ ရွာ၏အခြေခံအဆောက်အအုံများ၊ ဝင်ငွေတိုးလုပ်ငန်းများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။



**စံနမူနာကောင်းပေးနိုင်အောင်ကြိုးစား**

ကျေးရွာများအနေဖြင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းစံပြဆောင်ရွက်ကြမည့် ကျေးရွာခေါင်းဆောင်များအနေဖြင့် မိမိတို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွင် မိမိတို့ ရွာသူရွာသားများ တက်တက်ကြွကြွ ပါဝင်လာနိုင်အောင်စည်းရုံးပြီး စံနမူနာကောင်းပေးနိုင်သည့် ခေါင်းဆောင်များဖြစ်အောင် ကြိုးစားအားထုတ်ကြရန်နှင့် မိမိတို့ကျေးရွာများကို နေချင့်စဖွယ်ကောင်းသော စံပြကျေးရွာများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြသည်။

**ရန်ပုံငွေများထောက်ပံ့ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများအတွက် ရန်ပုံငွေများ ထောက်ပံ့ပေးအပ်ပြီး **(အပေါ်ပုံ)** ဒုတိယဝန်ကြီးများက မတ် ၁၈ ရက်မှ ယနေ့ ၂၂ ရက်အထိ ကျေးရွာသစ်လှုပ်ရှားမှု အခြေခံသင်တန်း(၁/၂၀၂၄)သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ကြရာ သင်တန်းသားကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒုတိယဝန်ကြီးများသည် (၇၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာ ဆင်သေချောင်း လျှပ်စစ်ရေတင်မှ နွေသီးနှံရေပေးဝေခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများက လျှပ်စစ်ရေတင်စက်ရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

**စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေး**

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးပြီးဖြစ်၍ စားရေရိက္ခာဖူလုံမှုကို အထောက်အပံ့ဖြစ်စေမည့် သီးနှံများကို ဦးစားပေးစိုက်ပျိုးခြင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်ရရှိရေး ကြိုးပမ်းသွားကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စုပေါင်းစိုက်ပျိုးထုတ်လုပ်သည့် လယ်ယာကုန်ထုတ်သမဝါယမအသင်းများ၏ စီးပွားရေးအောင်မြင်မှု အခွင့်အလမ်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ယခုဖွင့်လှစ်သည့် ကြံဖိုစုလျှပ်စစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးမြေ ဧက ၄၅၀ ၏ နွေသီးနှံစိုက်ပျိုးနိုင်ရေးကို အကျိုးပြုသွားမည်ဖြစ်ပြီး ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ဧက ၉၀ ထပ်မံတိုးချဲ့ ပေးဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ စုစုပေါင်း ရေသောက်ဧရိယာ ဧက ၅၄၀ တွင် တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီ ဓနသိဒ္ဓိရပ်ကွက်ရှိ လူမှုဖူလုံရေး-ဘေးမခ အထွေထွေရောဂါကုဆေးခန်းဖွင့်လှစ်

**နေပြည်တော် မတ် ၂၂**

**(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ လူမှုဖူလုံရေး-ဘေးမခ အထွေထွေရောဂါကုဆေးခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ အဆောက်အအုံမျက်နှာစာ၌ ကျင်းပသည်။**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နေပြည်တော် ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အကျုံးဝင် အလုပ်ဌာနများမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ ဘေးမခဆေးခန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ(**အပေါ်ယာပုံ**) ဆေးခန်းကို ကြည့်ရှုစစ်ဆေးသည်။

အလုပ်သမား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အနေဖြင့် Social Insurance စနစ်အရ လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံးအကျုံးဝင်လာစေရေး မဟာဗျူဟာရည်မှန်းချက် တစ်ရပ်ချမှတ်ပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်း ထည့်ဝင်ကြေးများနှင့် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ငွေလက်ငင်းအကျိုးခံစားခွင့်များအား ခံစားရရှိနိုင်စေရန် လက်ရှိတွင် အာမခံစနစ် ခြောက်မျိုးအနက် နှစ်မျိုးကို အကောင်အထည်ဖော်လျက် အကျိုးခံစားခွင့် ၁၅ မျိုးကို ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုလျက်ရှိသည်။

**ဝန်ဆောင်မှုပေးလျက်ရှိ**

အကျုံးဝင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အလွယ်တကူ လက်လှမ်းမီရယူနိုင်စေရန် ပုဂ္ဂလိကနှင့်ပူးပေါင်း၍ စာချုပ်ဆေးခန်းများဖွင့်လှစ်ကာ ကျန်းမာရေးဝန်ဆောင်မှု ထောက်ပံ့ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် Capitation Payment စာချုပ်ဆေးခန်း ၂၁ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၄၁ ခန်း၊ Specialist OG OPD ပြသနိုင်သောဆေးခန်း ၂၉ ခန်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ဝန်ဆောင်မှု ဆောင်ရွက်သည့် စာချုပ်ဆေးရုံ/သားဖွားခန်း ၁၅ ခန်းတို့ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိရာ နေပြည်တော် ကောင်စီနယ်မြေအတွင်းတွင် အကျုံးဝင် အာမခံအလုပ်သမားပေါင်း ၁၉၆၅၆ ဦး အတွက် လူမှုဖူလုံရေးဆေးခန်း သုံးခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း သုံးခန်း၊ Specialist OG OPD ပြသနိုင်သော ဆေးခန်းနှစ်ခန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ လူနာဦးရေ ၄၃၀၉ ဦးကို ဆေးဖိုးငွေကျပ် ၇၇၉ ဒသမ ၆၆ သန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



**မှန်ကန်သည့်သတင်းဖြန့်ဝေ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ရာ ယင်းဥပဒေသည် မြန်မာနိုင်ငံတွင်သာ ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများစွာ၌ ကျင့်သုံးလျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ယူရာတွင် အမျိုးသမီးများကို လတ်တလောခေါ်ယူရန် အစီအစဉ်မရှိသေးဘဲ အမျိုးသား ဦးရေခြောက်သန်းကျော်မှ တစ်ရာခိုင်နှုန်းသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ လူမှုကွန်ရက်တွင် ဖော်ပြနေသည့် သတင်းများကို အမှန်ဟု မယူဆဘဲ လက်တွေ့ကျကျ လေ့လာသုံးသပ်ပြီး မှန်ကန်သည့် သတင်း အချက်အလက်များကို ဖြန့်ဝေပေးခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံ့အရေးတွင် မိမိတို့ကျရာ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# ဥပဒေရေးရာဝန်ကြီးဌာန မဟာသင်္ကြန်ကာလအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၂၂**

ဥပဒေရေးရာဝန်ကြီးဌာန နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော အရာထမ်း၊ အမှုထမ်းများကို ၂၀၂၄ ခုနှစ် မဟာသင်္ကြန်ကာလအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက မဟာသင်္ကြန်ကာလအတွင်း အရာထမ်း၊ အမှုထမ်းများအနေဖြင့် နှစ်ဟောင်းကာလကို ပြန်လည်သုံးသပ်၍ မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက်နှင့် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးရှိစေမည့် အကြံအစည်၊ အပြောအဆို၊ အလုပ်အကိုင်များ ဆောင်ရွက်ကြရန် လိုကြောင်း၊ နှစ်ဟောင်းက အညစ်အကြေးမှန်သမျှကို ကိုယ်ရောစိတ်ပါ စင်ကြယ်သန့်ရှင်းပြီး နှစ်သစ်တွင် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ကြပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းပါကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် တရားဘာဝနာ အားထုတ်နိုင်ရန်၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်လှူဒါန်းနိုင်ရန်၊ အခြားလူမှုရေးကိစ္စများ ဆောင်ရွက်နိုင်ရန် အထောက်အပံ့ဖြစ်စေရန်အလို့ငှာ ဝန်ကြီးဌာနမှ ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦးတို့က ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များအား မိမိတို့ဦးစီးဌာနများရှိ အရာထမ်း၊ အမှုထမ်းများကို ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်သည့် ညွှန်ကြားရေးမှူး တစ်ဦးက ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ဝန်ထမ်းများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ (World TB Day) အထိမ်းအမှတ်အခမ်းအနားကျင်းပ

## တီဘီရောဂါပပျောက်နိုင်ရေးအတွက် ကာကွယ်ကုသရေးလုပ်ငန်းများ လူတိုင်းလက်လှမ်းမီရရှိနိုင်ရန် ဆောင်ရွက်



**နေပြည်တော် မတ် ၂၂**

၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ (World TB Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်၌ ကျင်းပသည်။

**တီဘီရောဂါတိုက်ဖျက်ရေး**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက မြန်မာနိုင်ငံသည် ကမ္ဘာ့တီဘီ၊ တီဘီ/အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါး တီဘီရောဂါအဖြစ်အများဆုံး နိုင်ငံ ၃၀ တွင် အပါအဝင်ဖြစ်ပြီး WHO၏ Global TB report (2023)အရ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေတစ်သိန်းတွင် တီဘီလူနာသစ်ဖြစ်ပွားနှုန်း ၄၇၅ ဦးရှိပြီး သေဆုံးနှုန်းမှာ ၈၀ ရှိနိုင်ကြောင်း ခန့်မှန်းထားပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ ဦးဆောင်ကာ ပြည်တွင်း/ပြည်ပ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားမဟာဗျူဟာစီမံကိန်း(National Strategic Plan) ၂၀၂၁-၂၀၂၅ နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကုသပျောက်ကင်းနိုင်**

၂၀၂၃ ခုနှစ်တွင် စုစုပေါင်း တီဘီလူနာ တစ်သိန်းနှစ်သောင်းကျော် ရှာဖွေကုသပေးနိုင်ခဲ့ပြီး ဆေးကုသမှုအောင်မြင်နှုန်းမှာ ၈၈ ရာနှုန်းရရှိခဲ့ကြောင်း၊ တီဘီရောဂါ ရှာဖွေတွေ့ရှိမှုနည်းသည့် ဒေသများတွင် တီဘီရောဂါရှိပြီး ဆေးကုသမှု မရရှိနိုင်သေးသည့် လူနာများရှိနိုင်သဖြင့် ပိုမိုကြိုးစား ရှာဖွေပေးရန် လိုအပ်ပါကြောင်း၊ တီဘီရောဂါသည် ကုသပျောက်ကင်းနိုင်သည့် ရောဂါတစ်ခုဖြစ်သည့်အတွက် စောစီးစွာ ရှာဖွေဖော်ထုတ်ကုသနိုင်ပါက ပြည်သူလူထုအတွင်း တီဘီရောဂါ ကူးစက်ပြန့်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ တီဘီလူနာ အရှိန်အဟုန်မြှင့် ရှာဖွေခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တီဘီလူနာများအား မဖြစ်မနေ မပျက်မကွက် သတင်းပို့နိုင်ရေးအတွက် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများအနေဖြင့် ယခုထက် ပိုမိုပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

၂၀၂၃ ခုနှစ်အတွင်း တီဘီလူနာရှာဖွေတွေ့ရှိမှု၏ ၁၈ ရာနှုန်းမှာ ကလေးများတွင်ဖြစ်ပြီး အသက်(၈) နှစ်အောက် ကလေးများ၏ သလိပ်နှင့် Stool Specimen ကို GeneXpert စက်ဖြင့် တီဘီပိုးရှာဖွေစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးယဉ်ပါးတီဘီရောဂါ ရှာဖွေခြင်းကို လူနာများ လက်လှမ်းမီစေရန် Rapid Diagnostic Test ဖြစ်သော GeneXpert စက် အလုံး ၁၁၀ ကို တီဘီရောဂါတိုက်ဖျက်ရေးဌာန ၈၆ ခုတွင် တပ်ဆင်လွှမ်းခြုံဆောင်ရွက်လျက်ရှိပြီး အမျိုးသားမှိုငြမ်းပြုတီဘီဓာတ်ခွဲဌာန (ရန်ကုန်) တွင် အဓိကဆောင်ရွက်လျက်ရှိကာ မန္တလေးနှင့် တောင်ကြီးတို့တွင် အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးယဉ်ပါးတီဘီရောဂါကုသမှုတွင် ခြောက်လ သို့မဟုတ် ကိုးလထိသာ ဆေးကုသမှုခံယူရမည့် ကုထုံးသစ် (BPaLM / BPaL) ကို ဆေးယဉ်ပါးတီဘီလူနာကုသမှုပေးနေသည့် ဌာနများတွင် အသုံးပြု ဆောင်ရွက်လျက်ရှိပါကြောင်း။

**ထိရောက်အောင်ဆောင်ရွက်ရန်**

တီဘီရောဂါကို ရှာဖွေကုသပေးရုံမျှသာမက တီဘီလူနာနှင့် အတူနေ မိသားစုထဲမှ အသက် (၅) နှစ်အောက် ကလေးများနှင့် တီဘီ/အိပ်ချ်အိုင်ဗွီရောဂါဝေဒနာရှင်များကို တီဘီရောဂါမဖြစ်အောင်ကာကွယ်ကုသခြင်း (TB Preventive Therapy, TPT) ကို လက်ရှိအခြေအနေထက် ပိုမိုထိရောက်အောင် ဆောင်ရွက်သွားကြရန် အရေးကြီးပါကြောင်း၊ တီဘီလူနာနှင့် အတူနေသူ အသက်(၅)နှစ်အထက်ရှိသူများကိုလည်း တိုးချဲ့ကုသမှုပေးနိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊၂၀၂၃ ခုနှစ်အတွင်း တီဘီလူနာအားလုံး၏ ၉၃ ရာနှုန်းကို HIV ပိုးရှိမရှိ စစ်ဆေးနိုင်ခဲ့ပြီး HIV ပိုးတွေ့ တီဘီလူနာ ၇၉၃၆ ဦးအနက် ၇၆ ရာနှုန်းကို ART ဆေးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် ''Yes! We can End TB!'' “တီဘီရောဂါ ပပျောက်ဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းလို့၊ ပံ့ပိုးကူညီဆောင်ရွက်စို့။” နှင့်အညီ တီဘီရောဂါပပျောက်နိုင်ရေးအတွက် ကာကွယ်ကုသရေးလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီရရှိနိုင်ရန် အားလုံးပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ပြခန်းသို့ လှည့်လည်ကြည့်ရှုရာ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာအလယ်တန်းကျောင်း (ကွမ်းခြံကုန်း) တိုးချဲ့ဆောင် ဖွင့်ပွဲကျင်းပ



**သာပေါင်း မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငဝန်ကြို့ကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာတွင် (၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာ အလယ်တန်းကျောင်း (ကွမ်းခြံကုန်း) တိုးချဲ့ဆောင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်း ၉၀၀ မှ ထောက်ပံ့ငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူများ ပူးပေါင်းထည့်ဝင်ငွေတို့ဖြင့် ငဝန်ကြို့ကုန်း ကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း (ကွမ်းခြံကုန်း)၊ တိုးချဲ့ ကျောင်းဆောင်သစ် (၆၀ ပေ x ၃၀ ပေ) တည်ဆောက်ပြီးစီး၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော ထိုက်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သန်းနိုင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဝင်း၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သက်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ အခြေခံပညာ အထက်တန်းကျောင်း (သာပေါင်း) မြို့နယ် ဘင်ခရာတပ်ဖွဲ့မှ ဖျော်ဖြေမှုကို ဆုချီးမြှင့်ပေးပြီး တိုးချဲ့ဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မျိုးဇော်သိန်း**

(ပြန်/ဆက်)

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အငွေမမြောက်အားမာန်

ထက်ထက်အောင် MLC–NCU (Myanmar)




ယနေ့ ကမ္ဘာ့နိုင်ငံများသည် ခေတ်မီနည်းပညာ ဆက်သွယ်ချိတ်ဆက်မှုကွန်ရက်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ကြက်လွှမ်းမိုးလျက်ရှိသော ကမ္ဘာ့အသိုက်အဝန်းကြီးတစ်ခုအသွင်ဖြင့် သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်၍ ဖွံ့စည်းဖြစ်တည်လျက်ရှိကြပြီး သမားရိုးကျစိန်ခေါ်မှုများဖြစ်သည့် နိုင်ငံရေးအားပြိုင်မှုများ၊ နည်းပညာယှဉ်ပြိုင်မှုများ၊ ကမ္ဘာ့စီးပွားရေးဈေးကွက်ချဲ့ထွင်မှုများ၊ သဘာဝသယံဇာတစိန်ခေါ်မှုများအပြင် သမားရိုးကျမဟုတ်သည့် စိန်ခေါ်မှုများဖြစ်သည့် ကူးစက်မြန်ကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် လူကုန်ကူးမှုကဲ့သို့သော ပြဿနာရပ်များကိုပါ ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။ ထိုသို့ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော စိန်ခေါ်မှုများနှင့်အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရာတွင် ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများအတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး မူဝါဒများကို မဟာဗျူဟာကျကျ ထည့်သွင်းချမှတ်လာခဲ့ကြပြီး ပေါင်းစည်းအင်အားဖြင့် ရင်ဆိုင်ဖြေရှင်းရန် ကြိုးပမ်းလာခဲ့ကြသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့နိုင်ငံများအကြား ရေမြေနယ်နိမိတ်ထိစပ်ဖြစ်တည်မှုအပေါ် အခြေခံ၍လည်းကောင်း၊ နိုင်ငံရေးမူဝါဒရပ်တည်ချက်များ တူညီမှုအပေါ် အခြေခံ၍လည်းကောင်း၊ သမိုင်းစဉ်တစ်လျှောက်ထားရှိခဲ့သည့် မိတ်ဖက်နိုင်ငံဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း၍လည်းကောင်း၊ စီးပွားရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အခြေခံ၍လည်းကောင်း မိတ်ဖက်နိုင်ငံများအဖြစ် အပြန်အလှန် အကျိုးပြုရပ်တည်ကြသည်ကို တွေ့ရှိရပါသည်။ ထိုသို့ မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်ရာတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချ၍ သာတူညီမျှဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်သော ပူးပေါင်းဆောင်ရွက်မှုမူဝါဒသည် နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအကြား ဦးစားပေးမူဝါဒတစ်ရပ်အဖြစ် ပါဝင်လာသည်ကို ထင်ရှားစွာတွေ့မြင်ရပါသည်။

**မြန်မာနိုင်ငံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု**

မြန်မာနိုင်ငံသည် ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် သမိုင်းစဉ်တစ်လျှောက် ရှိနှင့်ပြီးဖြစ်သော အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်း၍ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန်ယုံကြည်မှု၊ သာတူညီမျှရှိမှု စသည့်မူများအပေါ် အခြေခံကာ တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိပါသည်။ ထို့အတူ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှရရှိသည့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို အကျိုးရှိစွာအသုံးချ၍ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်နက်ဖော်ဆောင်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Global Development Initiative)၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအစဉ် (Global Security Initiative) နှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအစဉ် (Global Civilization Initiative) စသည်တို့တွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံနှင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု**

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong–Lancang Cooperation – MLC) သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ အနက် ပူးပေါင်းဆောင်ရွက်မှု သက်တမ်းအနုဆုံးဖြစ်သော်လည်း ပူးပေါင်းဆောင်ရွက်မှုရလဒ်များ ဖော်ဆောင်မှုမြန်ဆန်သည့် အောင်မြင်သော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဆန်းယမြို့၌ “Shared River, Shared Future” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ဆန်းယကြေညာစာတမ်း (Sanya Declaration) ကို ထုတ်ပြန်ကြေညာ၍ တရားဝင်စတင်ထူထောင်ခဲ့ပါသည်။

စတင်ထူထောင်သည့်အချိန်မှစ၍ ဒေသတွင်း နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ လူမှုဘဝသာယာဝပြောရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရေး၊ အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို အထောက်အကူပြုရေး၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ၂၀၃၀ ကို တိုးမြှင့်အကောင်အထည်ဖော်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရေး စသည့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်ရွယ်ချက်များကို ဦးတည်ကာ တက်ညီလက်ညီဖြင့် အရှိန်အဟုန်မပျက် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

ထိုနည်းတူစွာ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အခြေခံမူများဖြစ်သည့် တူညီဆန္ဒ (Consensus)၊ ညီတူညီမျှရှိမှု (Equality)၊ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်မှု (Mutual Consultation and Coordination)၊ မိမိဆန္ဒအလျောက်ပါဝင်မှု (Voluntarism)၊ စုပေါင်းပါဝင်ဆောင်ရွက်မှု (Common Contribution)၊ အကျိုးအမြတ်များ မျှဝေခံစားမှု (Shared Benefits)၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို လေးစားမှု (Respect for UN Charter and International Laws) တို့နှင့်အညီ ခေါင်းဆောင်များ၏ လမ်းညွှန်မှုနှင့် အစိုးရကဦးစီးမှု (Leaders’ Guidance and Government–Guided)၊ ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်မှု (All–Round Cooperation and Broad Participation) နှင့် စီမံကိန်းဦးစားပေး ပူးပေါင်းဆောင်ရွက်မှုပုံစံ (Project–Oriented Model) တို့ဖြင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စဉ်ဆက်မပြတ်သော ပူးပေါင်းဆောင်ရွက်မှုရလဒ်များဖြင့် (၈) နှစ်တာ ကာလသို့တိုင် ရောက်ရှိလာပြီဖြစ်ပါသည်။

**မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုပုံရိပ်နှင့် ရလဒ်များ**

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား နိုင်ငံရေးနှင့် လုံခြုံရေး (Political and Security Issues)၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (Economic and Sustainable Development) နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေး (Social, Cultural and People–to–People Exchanges) ဟူသည့် မဏ္ဍိုင် (၃) ရပ် အောက်တွင် ဦးစားပေးကဏ္ဍ(၅)ခုဖြစ်သည့် ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Cross–border Economic Cooperation)၊ ရေအရင်းအမြစ် (Water Reso–urces) နှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (Agriculture and Poverty Reduction) စသည့်ကဏ္ဍများတွင် စီမံကိန်းများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်ကို မဏ္ဍိုင်(၃)ရပ်နှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (၅) ခုကို ကိုယ်စားပြုကာ 3+5 Framework အဖြစ် သတ်မှတ်ခဲ့ပါသည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပထမဆုံး (၅) နှစ်တာ လုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၂၂) (MLC Five–Year Plan of Action 2018–2022) ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ ယင်း (၅) နှစ်တာ လုပ်ငန်းအစီအစဉ်တွင် မူလပူးပေါင်းဆောင်ရွက်မှုကဏ္ဍ(၅)ခု၌ ဘဏ္ဍာရေး၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အကောက်ခွန်၊

*စာမျက်နှာ ၁၁ သို့*

■ **ကမ္ဘာ့နိုင်ငံများအကြား ရေမြေနယ်နိမိတ်ထိစပ်ဖြစ်တည်မှုအပေါ် အခြေခံ၍လည်းကောင်း၊ နိုင်ငံရေးမူဝါဒရပ်တည်ချက်များ တူညီမှုအပေါ် အခြေခံ၍လည်းကောင်း၊ သမိုင်းစဉ်တစ်လျှောက်ထားရှိခဲ့သည့် မိတ်ဖက်နိုင်ငံဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း၍လည်းကောင်း၊ စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုများအပေါ် အခြေခံ၍လည်းကောင်း မိတ်ဖက်နိုင်ငံများအဖြစ် အပြန်အလှန်အကျိုးပြုရပ်တည်ကြသည်ကို တွေ့ရှိရပါသည်။ ထိုသို့ မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်ရာတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချ၍ သာတူညီမျှဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်သော ပူးပေါင်းဆောင်ရွက်မှုမူဝါဒသည် နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအကြား ဦးစားပေးမူဝါဒတစ်ရပ်အဖြစ် ပါဝင်လာသည်ကို ထင်ရှားစွာတွေ့မြင်**

*စာမျက်နှာ ၁၀ မှ*

ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေး၊ သတင်းမီဒီယာနှင့် လျှပ်စစ်စွမ်းအင် စသည့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ် (၁၀) ခုကို ထပ်မံထည့်သွင်းကာ ယခင်ပူးပေါင်းဆောင်ရွက်မှုမူဘောင် 3+5 Framework အစား 3+5+X Framework အဖြစ် တိုးချဲ့၍ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်ခဲ့ပါသည်။

ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (MLC Special Fund) ကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြင့်လည်းကောင်း၊ အတိုးနှုန်းသက်သာသော ချေးငွေ (Concessional Loan) ကို ယွမ် ၁၀ ဘီလီယံဖြင့်လည်းကောင်း၊ အခြားချေးငွေ (Credit Line) ကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (South–South Cooperation Fund) ကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့်လည်းကောင်း အသီးသီး မတည်ထူထောင်ပေးမည်ဖြစ်ကြောင်း ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ကြေညာခဲ့ပြီး ရန်ပုံငွေ (၄) ရပ်ကို မတည်ထူထောင်ပေးခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေ(၄)ရပ်အနက် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူအကျိုးပြုစီမံကိန်း ၇၈၀ ကျော်ကို ၂၀၁၇ ခုနှစ်မှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဒေသတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု ရလဒ်များစွာကို ဖော်ဆောင်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်းတန်ဖိုးရှိ စီမံကိန်း ၁၀၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး စီမံကိန်းများ၏ ၅၀ ရာခိုင်နှုန်းမှာ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ကာ ကျန်စီမံကိန်းများမှာလည်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးထုတ်ကုန်နှင့် နည်းပညာများမြှင့်တင်ရေး၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ နည်းပညာအသုံးချမှုမြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး စသည့်ကဏ္ဍများတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အထူးရန်ပုံငွေစီမံကိန်းများသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုသည့် စီမံကိန်းများဖြစ်ပါကြောင်း အသိအမှတ်ပြု ဖော်ပြအပ်ပါသည်။

ထို့အတူ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ကဏ္ဍအလိုက် စနစ်တကျလည်ပတ်နိုင်ရေးအတွက် မဲခေါင်-လန်ချန်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန (Mekong–Lancang Integrated Law Enforcement and Security Cooperation Center) ကို တရုတ်နိုင်ငံ ကူမင်းမြို့၌လည်းကောင်း၊ မဲခေါင်-လန်ချန်း ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန (Mekong–Lancang Water Resources Cooperation Center–MLWRCC) ကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ လည်းကောင်း၊ မဲခေါင်-လန်ချန်း သဘာဝပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Mekong–Lancang Environmental Cooperation Center–MLECC) ကို တရုတ်နိုင်ငံ ပေကျင်းမြို့၌လည်းကောင်း၊ မဲခေါင်ဒေသဆိုင်ရာ လေ့လာရေးစင်တာ (Global Center for Mekong Studies–GCMS) ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌လည်းကောင်း၊ မဲခေါင်-လန်ချန်း လုပ်ငန်းခွင်ပညာရေးနှင့် လေ့ကျင့်ရေးဗဟိုဌာန (MLC Vocational Educational and Training Center–MLVETC) ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌လည်းကောင်း၊ မဲခေါင်-လန်ချန်း စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Mekong–Lancang Agricultural Cooperation Center–MLACC) ကို တရုတ်နိုင်ငံ ပေကျင်းမြို့၌လည်းကောင်း၊ မဲခေါင်-လန်ချန်း လူငယ်များနီးနှောဖလှယ်ရေးဗဟိုဌာန (Mekong–Lancang Youth Exchange Center–MLCYEC) ကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ပြီး ကဏ္ဍတစ်ခုချင်းစီအလိုက် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**“မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် (၈) နှစ်တာကာလအတွင်း ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြင့်မား၍ သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှု ရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ အသိအမှတ်ပြုမှုကိုရရှိခဲ့သည့် အောင်မြင်သော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ခုဖြစ်”**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် (၈) နှစ်တာကာလအတွင်း ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြင့်မား၍ သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ အသိအမှတ်ပြုမှုကိုရရှိခဲ့သည့် အောင်မြင်သော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခြင်း**

မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သော တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံခဲ့ပါသည်။ မြန်မာနိုင်ငံမှ အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အမြဲတမ်းပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံနှင့်အတူ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု သံတမန်များပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေး (၃) ကြိမ်၊ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (၃) ကြိမ်နှင့်အတူ (၆) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၂၁ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် တရုတ်နိုင်ငံ ချုံချင့်မြို့၌လည်းကောင်း၊ (၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ ပုဂံမြို့၌လည်းကောင်း၊ (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ လည်းကောင်း၊ (၄) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ နေပြည်တော်၌ Video Conferencing ဖြင့်လည်းကောင်း အသီးသီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်မှု ရလဒ်မှတ်တမ်းများအဖြစ် ထုတ်ပြန်ချက်များနှင့် အစီရင်ခံစာများကို အသီးသီးထုတ်ပြန်ကြေညာခဲ့ရာတွင် (၄) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး၌ နေပြည်တော် ကြေညာစာတမ်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၅) နှစ်တာလုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇) နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဒီထွင်ဆန်းသစ်မှုစင်္ကြံဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲအစီအစဉ်တို့ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမှ ပူးတွဲဥက္ကဋ္ဌတာဝန်ယူစဉ်ကာလအတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဆိုင်ရာ အစိုးရ/ အုပ်ချုပ်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ လူ့အဖွဲ့အစည်းများအကြား အပြန်အလှန် သင်ယူမှုနှင့် အမြင်ချင်းဖလှယ်မှုတိုးမြှင့်ရေးနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုစင်္ကြံဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍများတွင် ဦးစားပေးပူးပေါင်းဆောင်ရွက်ခဲ့ပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှု ခြေလှမ်းသစ်များကို အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့ပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လာမည့်ကာလများတွင် ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးကြွေးကြော်သံ (Development First) ဆောင်ပုဒ်နှင့်အညီ မျှဝေသောအနာဂတ်နှင့်အတူ ပိုမိုနီးကပ်သည့် အသိုက်အဝန်းတစ်ခု ထူထောင်သွားရေး၊ ပိုမိုချိတ်ဆက်နိုင်မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစင်္ကြံတစ်ခု တည်ဆောက်သွားရေး၊ ပိုမိုစိတ်ချလုံခြုံ၍ ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင်တစ်ခု တည်ဆောက်သွားရေး၊ ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများသို့ ဦးတည်လှုပ်ရှားရေး၊ ပိုမိုထူးခြားသည့် ဝိသေသလက္ခဏာရပ်များဖြင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများကို ထိရောက်စွာ ဆောင်ရွက်သွားရေးနှင့် အလုံးစုံပါဝင်သော ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖော်ဆောင်သွားရေးတို့ကို ဦးစားပေးလုပ်ငန်းရပ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံအပါအဝင် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများအတွက် များစွာအကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ပါကြောင်း ဝမ်းမြောက်စွာဖြင့် ဖော်ပြအပ်ပါသည်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ၏ ဆောင်ရွက်ချက်များ**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများတွင် အတွင်းရေးမှူးရုံးများ/ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ရုံးများ ဖွင့်လှစ်ထားရှိရန် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ကို ၂၀၁၇ ခုနှစ် မေလ ၁၂ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ၏ ရုံးအဆောက်အအုံကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၀) နှင့် ပြည်ထောင်စုရန်ပုံငွေ ထည့်ဝင်မှုတို့ဖြင့် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ပရဝဏ်အတွင်းတွင် တည်ဆောက်ခဲ့ပြီး အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့က မြန်မာနိုင်ငံ ပုဂံမြို့၌ ကျင်းပသည့် (၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)၏ အဓိကတာဝန်များမှာ စီမံကိန်းများ စနစ်တကျအကောင်အထည်ဖော်ဆောင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ လည်ပတ်ရေးအတွက် စီမံကိန်းအကောင်အထည်ဖော်သည့် ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန်၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနများအား မူဝါဒပိုင်းဆိုင်ရာ အထောက်အကူပြုရန်၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ကူညီဖြေရှင်းရန်၊ နည်းပညာဆိုင်ရာ အကူအညီများရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊ သတင်းအချက်အလက်များ မျှဝေပေးရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များနှင့် ကိုက်ညီသည့် စီမံကိန်းများကို အဆိုပြုနိုင်ရေး ကူညီဆောင်ရွက်ရန်၊ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသည့် စီမံကိန်းများ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေး၊ စီမံကိန်း အကောင်အထည်ဖော်မှုနှင့် စီမံကိန်းအဆိုပြုလွှာ ကိုက်ညီမှုရှိရေးတို့ကို ညှိနှိုင်းကြပ်မတ်ဆောင်ရွက်ရန်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန် တို့ ဖြစ်ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)အနေဖြင့် ပုံမှန်ကျင်းပမြဲဖြစ်သည့် လုပ်ငန်းစဉ်အစည်းအဝေးများအပြင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နှစ်ပတ်လည်နေ့အခမ်းအနားများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များတွေ့ဆုံပွဲ (MLC Diplomatic Tour) နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၃) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားများ ပြုလုပ်ခြင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများဆိုင်ရာ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များဖြင့် မြန်မာနိုင်ငံ၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တက်ကြွစွာပါဝင်လျက်ရှိသည့် အောင်မြင်မှုပုံရိပ်များကို နိုင်ငံတကာနှင့် ပြည်သူလူထုသို့ အသိပေးမျှဝေနိုင်ခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ (၈)နှစ်တာကာလ ပူးပေါင်းဆောင်ရွက်မှုရလဒ်များနှင့် အတွေ့အကြုံကောင်းများသည် အဖွဲ့ဝင်နိုင်ငံများအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာသောယုံကြည်ချက်ဖြင့် ရှေ့ဆက်လက်တွဲ၍ အရှိန်အဟုန်မြှင့်တင်ရန် အားမာန်သစ်များ ပေးစွမ်းခဲ့ပါကြောင်း တင်ပြ၍ ၂၀၂၄ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ကျရောက်သည့် (၈) နှစ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကျင်းပ





**နေပြည်တော် မတ် ၂၂**
ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများတက်ရောက်ကြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းပြီး လူမှုကွန်ယက်စာမျက်နှာများ၌ မဟုတ်မမှန်သတင်းတု၊ သတင်းမှားများ ဖြန့်ဝေရေးသားနေသည့်အတွက် ဝန်ထမ်းများ အယုံမလွယ်စေရန် ယနေ့အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ပေးခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေမှာ ယခုလတ်တလော အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေမဟုတ်ဘဲ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၉ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယခုအခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ယင်းပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်ကြောင်းကိုသာ အမိန့်ထုတ်ပြန်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံကြီးများတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို လက်တွေ့ကျင့်သုံးလျက်ရှိပါကြောင်း။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိပါကြောင်း၊ ယင်းအပြင် စစ်ပညာသင်ကြားရန်နှင့် လိုအပ်ပါက နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ စီးပွားရေး၊ လုံခြုံရေးတို့ကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံသားများအားလုံးတွင် တာဝန်ရှိပါကြောင်း။

ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအချက်အလက်များကို တရားဝင်ထုတ်ပြန်သည့် သတင်းဌာနများ၏ ထုတ်ပြန်ချက်များ၌သာ လေ့လာကြရန် လိုအပ်ပါကြောင်း၊ ထို့အတွက် ယနေ့ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ပေးခြင်း ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသောဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး နိုင်ငံအကျိုး၊ ဝန်ကြီးဌာနနှင့် ပြည်သူ့အကျိုးအတွက် ဦးလည်မသုန်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ပြည်သူ့စစ်မှုထမ်းဥပဒေပါ သိကောင်းစရာများ၊ ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပါ အချက်အလက်များအား အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် မတ် ၂၂**
နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၇ ကျောင်းတို့၌ ၂၃-၁၀-၂၀၂၃ ရက်မှ ၂၂-၃-၂၀၂၅ ရက်အထိ ဖွင့်လှစ်ခဲ့သော အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်းများနှင့်အတူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ပုသိမ်)တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖြစ်သည့် ဧည့်ကြိုအိပ်ခန်းဆောင်၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းဆင်းပွဲများအား ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်သည်။

အလားတူ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲများကို ဘားအံမြို့သင်တန်းကျောင်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ လားရှိုးမြို့ သင်တန်းကျောင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်နိုင်စိုး၊ မုဒုံမြို့သင်တန်းကျောင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ လဟယ်မြို့ သင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ကွန်ဟိန်းမြို့သင်တန်းကျောင်းတွင် အခြေချစစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ကိုနိုင်တို့ တက်ရောက်ခဲ့ကြပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့်ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ အသီးသီး တက်ရောက်ခဲ့သည်။

အဆိုပါ သင်တန်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များကို နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူ ပစ္စည်းများအား စရိတ်ငြိမ်းဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိရာ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျ ရောင်းချပေးပြီး ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသည့် အပြင်



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဘားအံ) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သင်တန်းထူးချွန်ဆုရရှိသူများအား သင်တန်းကျောင်းမှ အပ်ချုပ်စက်တစ်စုံစီ ဆုချီးမြှင့်ပေးခဲ့သည်။

အလားတူ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပြီးသူများကိုလည်း ဟိုတယ်ဇုန်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးလျက် ရှိပါသည်။

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၇ ကျောင်းတွင်၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၂၂ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့သော အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း စသည့် သင်တန်း လေးမျိုးတွင် သင်တန်းသူ ၅၂၀ တက်ရောက်ခဲ့ကြပြီး ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသူ စုစုပေါင်း ၉၆၃၇၆ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

# လားရှိုးမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**လားရှိုး မတ် ၂၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဇာတ်ဌာန (လားရှိုး)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း ဆွေးနွေးပွဲတွင် လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ အခြားကမ္ဘာ့နိုင်ငံ အများအပြားတွင်လည်း ပြဋ္ဌာန်းထားပြီး ကျင့်သုံးနေသည်ကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသား စစ်မှုထမ်းစနစ်အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဟန်က ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာများနှင့်ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်ပတ်သက်သည့် မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့်သိကောင်းစရာများအကြောင်း လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စိုင်းထွန်း ( လားရှိုး )**

# နေရာကွက်ကျား မိုးထစ် ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၂**
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ် ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ရာဖာမြို့၌ မြေပြင်ထိုးစစ်ဆင်မှု မလုပ်ရန် အစ္စရေးအား အီးယူခေါင်းဆောင်များတောင်းဆို



ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်။

**ဂါဇာ မတ် ၂၂**

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရှိ ရာဖာမြို့တွင် မြေပြင်ထိုးစစ်ဆင်မှုများ မပြုလုပ်ဘဲ ရှောင်ရှားရန် အစ္စရေးကို ဥရောပသမဂ္ဂခေါင်းဆောင်များက တောင်းဆိုခဲ့သည်။

လူ့အသက်များဆုံးရှုံးမှု မဖြစ်စေရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးပို့ရာတွင် အနှောင့်အယှက် အဟန့်အတားများ မဖြစ်စေရေးတို့အတွက် ယခုလို တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် မတ် ၂၁ ရက်က ပြုလုပ်သည့် ဥရောပကောင်စီ ထိပ်သီးအစည်းအဝေးတွင်အီးယူခေါင်းဆောင်များက ယင်းသို့ တောင်းဆိုမှုပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ဂါဇာဒေသ၌ ဆေးဝါးနှင့်အစားအသောက်များ ဆိုးဆိုးရွားရွား ပြတ်လပ်မှုကို ဆွေးနွေးခဲ့ကြသည်။ ရာဖာမြို့တွင် အစ္စရေးတို့က မြေပြင်ထိုးစစ်ဆင်နွှဲမှု ပြုလုပ်ပါက ယခင်ကတည်းက ဆိုးရွားနေသည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကပ်ဘေးကို ပို၍အခြေအနေဆိုးရွားသွားစေမည်ဖြစ်သည်။ အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် သက်သာချောင်ချိရေးပစ္စည်းများ ချက်ချင်းလိုအပ်လာခြင်းကိုလည်း တားဆီးရန်လိုအပ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရာဖာတွင် လူပေါင်း ၁ ဒသမ ၅ သန်းခန့် နေထိုင်သည်။

ယင်းနေရာတွင် မြေပြင်ထိုးစစ်ဆင်မှုပြုလုပ်ရန် ဆုံးဖြတ်ထားကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ပြောသည်။ ဂါဇာဒေသသည် အငတ်ဘေးဒုက္ခအတွင်းသို့ ကျလုနီးနီးဖြစ်နေပြီဟု ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က သတင်းထောက်များကို ပြောသည်။ လျင်မြန်၍ လုံခြုံစိတ်ချရပြီး အတားအဆီးကင်းမဲ့သော လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဂါဇာဒေသသို့ အလျင်အမြန် ဝင်ရောက်နိုင်ရန် အရေးကြီးသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## မွန်ဂိုလီးယားနိုင်ငံ၌ ရာသီဥတုဆိုးရွားအေးခဲမှုကြောင့် တိရစ္ဆာန် ငါးသန်းကျော်သေဆုံး

**အူလန်ဘာတာ မတ် ၂၂**

မွန်ဂိုလီးယားနိုင်ငံ၌ ယခုနှစ်ဆောင်းရာသီအတွင်း အလွန်ဆိုးရွားသည့် ရာသီဥတုကြောင့် တိရစ္ဆာန် ငါးသန်းကျော်သေဆုံးခဲ့ကြောင်း နိုင်ငံ၏ နိုင်ငံတော်အရေးပေါ်ကော်မရှင်က မတ် ၂၂ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း မြေပြင်၌ အေးခဲခြင်း သို့မဟုတ် နှင်းများဖုံးလွှမ်းခြင်းတို့ကြောင့် တိရစ္ဆာန်အမြောက်အမြား သေဆုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ယခုနှစ်ဆောင်းရာသီတွင် နှင်းများပိုမိုကျရောက်လျက်ရှိပြီး နိုင်ငံအတွင်း နယ်မြေ ၈၀ ရာခိုင်နှုန်းမှာ နှင်းများဖုံးလွှမ်းသွားခဲ့ကာ နှင်းထုမှာ ၁၀၀ စင်တီမီတာအထိရှိကြောင်း နိုင်ငံ၏ မိုးလေဝသစောင့်ကြည့်ရေးအေဂျင်စီက ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ယခုအချိန်အထိ နှင်းဖုံးလွှမ်းမှုပမာဏမှာ ၆၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့သည်။ ၂၀၂၃ ခုနှစ်ကုန်အထိ နိုင်ငံအတွင်း တိရစ္ဆာန်အရေအတွက်မှာ ၆၄ ဒသမ ၇ သန်းရှိကြောင်း အမျိုးသားစာရင်းအင်းရုံးက ထုတ်ပြန်ထားသည်။

ဆင်ဟွာ





အာဖဂန်ရှိ ကျောင်းသားများကို တွေ့ရစဉ်။

## အာဖဂန်နစ္စတန်နိုင်ငံ၌ အမျိုးသမီးများမပါဝင်ဘဲ စာသင်နှစ်တစ်နှစ်စတင်

**ကဘူးလ် မတ် ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ စာသင်နှစ်တစ်နှစ်စတင်ပြီဖြစ်သော်လည်း အမျိုးသမီးများမပါဝင်ကြောင်း။ တာလီဘန်တို့သည် ဆဋ္ဌမတန်းကျော်လွန်သည့် အမျိုးသမီးကျောင်းသူများကို ကျောင်းတက်ခွင့် တားမြစ်ထားကြောင်း၊ ထိုသို့ တားမြစ်ခြင်းကြောင့် နိုင်ငံတကာဝေဖန်မှုများ မြင့်တက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အာဖဂန်နိုင်ငံတစ်ဝန်းရှိ ကျောင်းများတွင် စာသင်နှစ်အတွက် အတန်းများကို ယခုသီတင်းပတ်တွင် စတင်မည်ဖြစ်သည်။

ဗုဒ္ဓဟူးနေ့က တာလီဘန်ကြားဖြတ်အစိုးရကိုယ်စားလှယ်များသည် ကဘူးလ်၌ အတန်းများစတင်ရန်အတွက် အခမ်းအနားတစ်ခုသို့ တက်ရောက်ခဲ့သည်။ အတန်း၌ ပထမဦးစားပေးအချက်မှာ အစ္စလာမ်ဘာသာဆိုင်ရာလေ့လာမှုများနှင့် ယုံကြည်မှုများဖြစ်ပြီး ယင်းနောက် သိပ္ပံဘာသာရပ်များဖြစ်ကြောင်း ခေတ္တဒုတိယဝန်ကြီး အက်ဒယ်ဆလမ်ဟာနဖီက ပြောကြားသည်။

တာလီဘန်တို့သည် အမျိုးသမီးများအား အဆင့်မြင့်ပညာသင်ကြားခြင်းကို တားမြစ်ထားသည်။ အဆိုပါတားမြစ်ချက်ကို အလွန်စိတ်ပျက်မိကြောင်း၊ တာလီဘန်တို့က မိမိတို့အားအတန်းများတက်ရောက်ခွင့်ပြုမည်ဟု မျှော်လင့်ကာ အိတ်တစ်လုံးနှင့် ယူနီဖောင်းတစ်စုံ ပြင်ဆင်ထားကြောင်းနှင့် အာဏာပိုင်များက ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးစေလိုကြောင်း အသက် ၁၄ နှစ်အရွယ်မိန်းကလေးတစ်ဦးက ဆိုသည်။

အင်န်အိတ်ချ်ကေ

## ဥရုဂွေး၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် လူပေါင်း ၁၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရ

**မွန်တီဗီဒီယို မတ် ၂၂**

ဥရုဂွေးနိုင်ငံတောင်ပိုင်းရှိ ဖလော်ရီဒါမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုတို့ကြောင့် လူပေါင်း ၁၀၀၀ ကျော်ကို ၎င်းတို့၏ နေအိမ်များမှ ဘေးလွတ်ရာသို့ ကယ်ဆယ်ပေးခဲ့ရသည်ဟု ဒေသခံအာဏာပိုင်များက မတ် ၂၁ ရက်တွင် ပြောသည်။

ဖလော်ရီဒါမြို့အနီး ဆန်တာလူစီယာချိုင့်မြစ်သည် မတ် ၂၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး မြစ်ရေကြီးမှုများ စံချိန်တင်ဖြစ်ပေါ်ခဲ့သည်ဟု အုပ်ချုပ်ရေးမှူး ဂီရဲမိုလိုပက်ဇ်က ပြောသည်။ ရေကြီးမှုကြောင့် မကြုံစဖူး အပျက်အစီးများနှင့် ကြုံတွေ့ခဲ့ရပြီး ရာနှင့်ချီသည့် နေအိမ်များမှာ ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့သည်။ ဖလော်ရီဒါမြို့သို့ အဝင် ပိုင်ဒရာအယ်တာတံတားတွင်လည်း ယာဉ်ကြောပိတ်ဆို့မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

အဆိုပါဖြစ်ရပ်များမှာ ယခင်က ဖြစ်ပေါ်ခဲ့ခြင်းမရှိဟု အုပ်ချုပ်ရေးမှူးက ပြောသည်။ ရေကြီးမှုနှင့် ရေသန့်ဖြန့်ဖြူးရေးစက်ရုံ ထိခိုက်မှုကြောင့် မြို့အတွင်းရှိ ပြည်သူ ၃၃၀၀၀ ခန့်မှာလည်း သောက်သုံးရေမရဘဲ ဖြစ်ခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ



## အာဖရိကဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို လာမည့်နှစ်တွင် ဂျပန်နိုင်ငံ ယိုကိုဟားမား၌ ကျင်းပမည်

**တိုကျို မတ် ၂၂**

ဂျပန်အစိုးရသည် လာမည့်နှစ် ဩဂုတ်လအတွင်း ယိုကိုဟားမား၌ ကျင်းပမည့် အာဖရိကဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တိုကျိုအပြည်ပြည်ဆိုင်ရာညီလာခံ (TICAD) ကို လက်ခံကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ဂျပန်နိုင်ငံက ဦးဆောင်ကျင်းပသည့် အာဖရိကဖွံ့ဖြိုးတိုးတက်ရေးနှင့် ထောက်ပံ့ရေးညီလာခံကို သုံးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည်။ ၂၀၂၅ ခုနှစ်တွင် ကိုးကြိမ်မြောက်ကျင်းပမည့် ညီလာခံကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ ညီလာခံကျင်းပမည်ဟုလည်း မတ် ၂၂ ရက်တွင် အစိုးရက အတည်ပြုခဲ့သည်။ အဆိုပါ ညီလာခံသည် ယိုကိုဟားမားတွင် လေးကြိမ်မြောက် ကျင်းပခြင်းလည်းဖြစ်သည်။ လာမည့်နှစ်ညီလာခံတွင် တက်ရောက်လာမည့် ပါဝင်သူများသည် ၎င်းတို့လိုအပ်ချက်အပေါ် အခြေခံ၍ အာဖရိကနိုင်ငံများအတွက် လိုအပ်ချက်များကို ဆွေးနွေးသွားမည်ဟု မျှော်မှန်းထားသည်။

ဆင်ဟွာ

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် လေးလမ်းသွားဆိပ်ကမ်းသာ ကွန်ကရစ်လမ်းသစ် တက်ရောက်ဖွင့်လှစ်

**ထားဝယ် မတ် ၂၂**

(၇၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ပေါ်ရှိ လေးလမ်းသွား ဆိပ်ကမ်းသာကွန်ကရစ်လမ်း ဖောက်လုပ်ခြင်း၊ ကွန်ကရစ်လမ်းချဲ့ခြင်း၊ တံတားတည်ဆောက်ခြင်း ၊ လမ်းလယ်ကျွန်း တည်ဆောက်ခြင်းဆိုင်ရာ လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ ကြက်စားပြင်ရပ် ဆိပ်ကမ်းသာလမ်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ်မြို့သည် ပထဝီအနေအထားအရ တောင်မြောက် ရှည်လျားပြီး ထားဝယ်မြို့အတွင်းမှ ထားဝယ်မြစ်အတွင်းသို့ ဖြတ်သန်းစီးဆင်းသည့် ချောင်းများ ပေါများသော ဒေသဖြစ်၍ ယခင်က ဆိပ်ကမ်းသာလမ်း(ဘုမ္မော်တံတားမှ ဆိပ်ကမ်းအာဏာပိုင်ရုံးအထိ) အကျယ် ၁၂ ပေရှိသော ကတ္တရာလမ်းသာရှိခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အဓိကကဏ္ဍတစ်ရပ်အနေဖြင့်ပါဝင်သောကြောင့် ယခုအခါ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်စဉ်ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် လေးလမ်းသွား ဆိပ်ကမ်းသာ ကွန်ကရစ်လမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ကွန်ကရစ်လမ်းချဲ့ခြင်း၊ တံတားတည်ဆောက်ခြင်းနှင့် လမ်းလယ်ကျွန်း တည်ဆောက်ခြင်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ငွေကျပ် ၁၅၈၅ ဒသမ ၇၂ သန်းဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ခဲ့ပြီး အရှည် ၅၅၁၄ ပေကို လေးလမ်းသွား ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်း ( DDPC Shopping Centre မှ ဆိပ်ကမ်းအာဏာပိုင်ရုံးအထိ) အရှည်ပေမှာ ၁၆၁၈၂ ပေရှိပြီး ဆိပ်ကမ်းသာလမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပိုင်းသုံးပိုင်းဖြင့် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် အဓိကအချက်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပါက ကုန်သွယ်စီးဆင်းမှု သွက်လက်မြန်ဆန်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် လေးလမ်းသွား ဆိပ်ကမ်းသာ ကွန်ကရစ်လမ်းသစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်အတွက် ဒေသထွက်ကုန်များ၊ ရေထွက်ကုန်များကို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ပို့ဆောင်ရောင်းဝယ်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုများ တိုးတက်ကောင်းမွန်စေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး အောင်မျိုးထွန်း၊ ကြက်စားပြင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဦးတို့က လေးလမ်းသွားဆိပ်ကမ်းသာ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးတို့က တာဝန်ရှိသူများအား အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းပွားအဖွဲ့၊ ရေအိုးရွက်အကအဖွဲ့၊ ထားဝယ်ရိုးရာအကအဖွဲ့၊ ဘင်ခရာအဖွဲ့များကို ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး လေးလမ်းသွားဆိပ်ကမ်းသာ ကွန်ကရစ်လမ်းသစ်ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်အတွင်းရှိ ယာယီပြောင်းရွှေ့နေထိုင်သည့် ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်း

**မြဝတီ မတ် ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ ယာယီပြောင်းရွှေ့နေထိုင်သည့် ပြည်သူများနှင့် ကော့ကရိတ်ခရိုင် နဘူးကျေးရွာအတွင်းရှိ ယာယီပြောင်းရွှေ့နေထိုင်သည့် ပြည်သူများအတွက် အခြေခံစားသောက်ကုန် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက မြဝတီမြို့ အမှတ် ၂ ရပ်ကွက် တေဇစက္ကိကမ္မဋ္ဌာန်းရိပ်သာ၌ ကျင်းပသည်။



အဆိုပါပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်စီမံအဖွဲ့ဝင်၂ ဦးစိန်သောင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးကျော်ကျော်သန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညဏ်မြင့်တို့က မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှ ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့်အဖွဲ့ဝင်များ၏ မြဝတီခရိုင်အတွင်း ယာယီပြောင်းရွှေ့ပြည်သူ ၅၀၀တို့အတွက် ငွေကျပ် ၂၂၁၀၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီအစရှိသော အခြေခံစားသောက်ကုန်ပစ္စည်းခုနစ်မျိုးနှင့် ကော့ကရိတ်ခရိုင် နဘူးကျေးရွာ ယာယီပြောင်းရွှေ့ပြည်သူ ၅၀၀ တို့အတွက် ငွေကျပ် ၂၆၇၆၀၀၀၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန် ပစ္စည်းခုနစ်မျိုးတို့ကို လက်ခံရယူခဲ့ပြီး ရပ်ကွက်/ကျေးရွာ တာဝန်ခံများမှတစ်ဆင့် ပြန်လည်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း (ပြန်/ဆက်)

# အိမ်မဲ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**အိမ်မဲ မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာ အထက-ဘုရားကြီးကုန်းကျောင်း၌ ငွေကျပ်သိန်း ၉၅၀ အကုန်အကျခံဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်း၊ မြောင်းမြခရိုင် ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၊ အဖွဲ့ဝင် (၂) ဒေါက်တာသန်းဌေး၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဝင်းနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက်ကျောင်းသစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားကာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော အထောက်အထားမှတ်တမ်းများကို မြို့နယ်ပညာရေးမှူး ဆရာမကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀ ၊ အနံ ပေ ၃၀ အာရ်စီတစ်ထပ်ဖြစ်ပြီး အထက- ဘုရားကြီးကုန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျေးရွာခွဲ ၁၉ ရွာမှ ကျောင်းသား ကျောင်းသူ ၅၂၇ ဦး တက်ရောက်ခဲ့ကာ လာမည့်ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများက စာသင်ခန်းပေါင်းများစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အိမ်မဲ(ပြန်/ဆက်)



# မူဆယ်မြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ



**မူဆယ် မတ် ၂၂**

မူဆယ်ခရိုင် မူဆယ်မြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကား ပြောကြားပြီး အိမ်တွင်းမှုသင်တန်း ကျောင်းအုပ်ကြီး ဒေါ်နန်းစောရင်က သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက ပေးအပ်ချီးမြှင့်ပြီး ထူးချွန်သော သင်တန်းသူများအား ဆုချီးမြှင့်ပြီးနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရှိရပါသည်။

ချယ်ရီမြေ(မူဆယ်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

ကမ္ဘာ့မိုးလေဝသနေ့ဂုဏ်ပြုဆောင်းပါး

# ၂၀၂၄ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့

ကျော်လွင်ဦး(မိုးဇလ)

**နိဒါန်း**

**ကမ္ဘာ့မိုးလေဝသနေ့ကို** နှစ်စဉ် မတ်လ ၂၃ ရက်နေ့သည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နဲ့ အဖွဲ့ဝင်နိုင်ငံတွေက အမျိုးသားမိုးလေဝသနှင့် ဇလဗေဒဌာနများအနေနဲ့ ခမ်းခမ်းနားနားကျင်းပကြတဲ့ ကမ္ဘာ့မိုးလေဝသနေ့ ဖြစ်ပါတယ်။ မိုးလေဝသ၊ ရာသီဥတုနဲ့ ဇလဗေဒဆိုင်ရာ လုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့ဆောင်ပုဒ်တစ်ခုနဲ့ ကမ္ဘာ့မိုးလေဝသနေ့ကို ၁၉၆၁ ခုနှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ရာမှာ ယခုနှစ်အတွက် ဆောင်ပုဒ်ကတော့ (**At the Frontline of Climate Action**– ရာသီဥတုကောင်းမွန်ရေး အလေးထားဆောင်ရွက်ပေး) ဖြစ်ပြီး ရာသီဥတုပြောင်းလဲလာမှုရဲ့ သိသာထင်ရှားလာတဲ့ သက်ရောက်မှုတွေကို လျော့ပါးသက်သာစေနိုင်ဖို့အတွက် ရာသီဥတုပြောင်းလဲလာမှုအပေါ် တုံ့ပြန်မှုလုပ်ငန်းအစီအစဉ်တိုင်းမှာ ကျွန်ုပ်တို့အားလုံး တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြစေလိုတဲ့ ရည်ရွယ်ချက်များနဲ့ကျင်းပကြမှာ ဖြစ်ပါတယ်။

**ရာသီဥတုပြောင်းလဲလာမှုရဲ့ ခြိမ်းခြောက်မှုများ**

ရာသီဥတုပြောင်းလဲလာမှုသည် ကျွန်ုပ်တို့ရဲ့ လူ့ယဉ်ကျေးမှုတစ်ရပ်လုံးအတွက် အမှန်တကယ်နဲ့ ငြင်းမရနိုင်သော ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနေပြီး သက်ရောက်မှုတွေကို ယခုပင် ကျွန်ုပ်တို့မလုပ်ဆောင်ပါက ထိခိုက်ဆုံးရှုံးမှုတွေ ယခုထက်ပိုဆိုးလာတော့မှာဖြစ်ပါတယ်။ ၁၉၈၀ ပြည့်လွန်နှစ်တွေကတည်းက ဆယ်စုနှစ် တစ်ခုစီသည် ယခင်နှစ်တွေထက် ပိုမိုပူနွေးလာခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်သည် စံချိန်တင်အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၁၈၅၀–၁၉၀၀ ပျမ်းမျှအပူချိန်ထက် ၁.၄၅°C ခန့် ပိုပူနေခဲ့ပါတယ်။ အဓိကအကြောင်းရင်းက လူတို့ကြောင့်ဖြစ်တဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝအတိုင်းဖြစ်ပေါ်နေတဲ့ အယ်လ်နီညိုရာသီဖြစ်စဉ်တို့ရဲ့ ပေါင်းစပ်သက်ရောက်မှုတွေကြောင့် ဖြစ်ပါတယ်။ အပူချိန်မြင့်တက်လာခြင်းကြောင့် ပြင်းထန်တဲ့ သဘာဝဘေးတွေဖြစ်တဲ့ အပူလှိုင်းတွေဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်းနှင့် ရုတ်တရက် ပြင်းထန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းတွေ ဆက်စပ်ဖြစ်ပေါ်စေပြီး စံချိန်တင်မြင့်တက်နေတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့တွေ စုဝေးနေတဲ့ လေထုအတွင်းက အပူစွမ်းအင်တွေကြောင့်လည်း မိုးလေဝသအခြေအနေတွေကို ပိုပြီးပြင်းထန်စေပါတယ်။ သမုဒ္ဒရာအပူချိန်တွေကလည်း စံချိန်တင်မြင့်မားလာနေပြီး ပူနွေးလာမှုသည် အရှိန်မြင့်လာကာ နှစ်ပေါင်းရာနှင့်ချီ၍ပင် ဆက်လက်တည်ရှိနေဦးမည်ဟု မျှော်လင့်ရပါတယ်။ သမုဒ္ဒရာအတွင်း အက်ဆစ်ဓာတ်များ မြင့်မားလာခြင်းကြောင့်လည်း အဏ္ဏဝါဂေဟစနစ်ကို ထိခိုက်လာမည်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုသည် အရှိန်အဟုန်ဖြင့် မြင့်တက်လာပြီး မြေနိမ့်ပိုင်းဒေသတွေနဲ့ ကမ်းရိုးတန်းဒေသခံတွေအတွက် ခြိမ်းခြောက်မှု တိုးလာနေပါတယ်။ ရေခဲမြစ်တွေနဲ့ ရေခဲလွှာတွေ လျော့နည်းလာနေတာကြောင့် အနာဂတ်အတွက် ရေသယံဇာတဖူလုံမှု၊ အရေးပါတဲ့ ဂေဟစနစ်တွေနဲ့ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကို ပိုမိုဆိုးရွားစေတော့မှာဖြစ်ပါတယ်။ ရေခဲပင်လယ်တွေသည် ဆက်လက်ကျုံ့လာနေခြင်းနဲ့ အေးခဲနေတဲ့ ရေခဲပြင်ဒေသများ အရည်ပျော်လာတာတွေကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအလားအလာကို ပိုမိုမြင့်မားလာစေမှာဖြစ်ပါတယ်။



> ❖ **၂၀၂၃ ခုနှစ်သည် စံချိန်တင်အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၁၈၅၀ - ၁၉၀၀ ပျမ်းမျှအပူချိန်ထက် ၁.၄၅°C ခန့် ပိုပူနေခဲ့ပါတယ်။ အဓိကအကြောင်းရင်းက လူတို့ကြောင့် ဖြစ်တဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝအတိုင်းဖြစ်ပေါ်နေတဲ့ အယ်လ်နီညိုရာသီ ဖြစ်စဉ်တို့ရဲ့ ပေါင်းစပ်သက်ရောက်မှုတွေကြောင့် ဖြစ်ပါတယ်**

**ရာသီဥတုပြောင်းလဲမှုလျော့ပါးရေး စိန်ခေါ်မှုများနဲ့ တုံ့ပြန်မှုများ**

ရာသီဥတုဖောက်ပြန်မှု လျော့ပါးရေးအတွက် အမြန်ဆုံးဆောင်ရွက်ကြဖို့တော့ လိုအပ်လာနေပြီဖြစ်ပါတယ်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် လေထုအတွင်း အပူကိုထိန်းထားနိုင်တဲ့ ဖန်လုံအိမ်ဓာတ်ငွေ့တွေကို သိသိသာသာလျှော့ချရန် လိုအပ်ပါတယ်။ ထို့အပြင် ပတ်ဝန်းကျင်ညစ်ညမ်းစေတဲ့ ရုပ်ကြွင်းလောင်စာတွေအသုံးပြုမှုကို တဖြည်းဖြည်းရပ်တန့်ရန်နဲ့ သန့်ရှင်းတဲ့ စွမ်းအင်အရင်းအမြစ်တွေကို ပြောင်းလဲသုံးစွဲကြဖို့ဖြစ်ပါတယ်။ စက်မှုတော်လှန်ရေးမတိုင်မီက လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုမှာ ၂၈၀ ppm ဝန်းကျင်တွင် နှစ်ထောင်ပေါင်းများ တည်ရှိနေခဲ့ရာမှ ရုပ်ကြွင်းလောင်စာတွေ လောင်ကျွမ်းခြင်း၊ သစ်တောပြုန်းတီးခြင်းနဲ့ မြေယာအသုံးပြုမှုပြောင်းလဲလာခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်တွင် ၄၁၇.၉ ppm အထိ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု ၅၀ ရာခိုင်နှုန်းအထိ သိသိသာသာတိုးလာခဲ့ပါတယ်။ မီသိန်းနှင့် နိုက်ထရပ်အောက်ဆိုက်ဓာတ်ငွေ့များအပါအဝင် ကာဗွန်ဒိုင်အောက်ဆိုက်သည် လူတို့၏လှုပ်ရှားမှုတွေနဲ့ ဆက်စပ်နေသော သက်တမ်းရှည်ကြာအောင် တည်ရှိနေနိုင်တဲ့ ဖန်လုံအိမ်ဓာတ်ငွေ့တွေအနက် အရေးကြီးဆုံးဖြစ်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုရဲ့ ထက်ဝက်နီးပါးမှာ လေထုထဲတွင်ကျန်ရှိနေပြီး လေးပုံတစ်ပုံကျော်ကိုတော့ သမုဒ္ဒရာတွေက စုပ်ယူထားကာ ၃၀ ရာခိုင်နှုန်းနီးပါးကိုတော့ မြေပြင်ဂေဟစနစ်တွေဖြစ်တဲ့ သစ်တောတွေနဲ့ ရေတိမ်ဒေသတွေက စုပ်ယူပါတယ်။ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ ဆက်လက်ရှိနေသရွေ့ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် ဆက်လက်တိုးတက်နေမှာဖြစ်ပြီး ကမ္ဘာ့အပူချိန်ကို မြင့်တက်လာစေမှာ ဖြစ်ပါတယ်။ သက်တမ်းရှည်ကြာအောင်တည်ရှိနေမယ့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကြောင့် လာမည့်ဆယ်စုနှစ်များစွာအထိ လက်ရှိ အပူချိန်မြင့်တက်မှုတွေအတိုင်း ဆက်ရှိနေဦးမှာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူညီချက်အတိုင်း စက်မှုခေတ်ကာလမတိုင်မီကရှိခဲ့တဲ့ ကမ္ဘာ့အပူချိန်ထက်(၁.၅°C) ထက်မပိုအောင် ထိန်းထားနိုင်ဖို့အတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို သိသိသာသာလျှော့ချရမှာဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွေမှာ ကမ္ဘာလုံးဆိုင်ရာ အသားတင်ထုတ်လွှတ်မှု သုညအထိဖြစ်လာစေမယ့် မျှော်မှန်းချက်ကိုရရှိစေနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိ ရာသီဥတုပြောင်းလဲမှုအတွက် ဖန်လုံအိမ်ဓာတ်ငွေ့တွေ လျော့ပါးရေးဆိုင်ရာမူဝါဒတွေအပေါ် အရေးတကြီးလုပ်ဆောင်မှုတွေ မလုပ်ကြရင်တော့ ဤရာစုနှစ် အကုန်တွင် ကမ္ဘာကြီးပူနွေးလာမှုသည် စက်မှုခေတ်မတိုင်မီကာလ အပူချိန်ထက် (၂.၈°C) ဝန်းကျင်သို့ ဦးတည်သွားနိုင်ကြောင်း သုံးသပ်ရပါတယ်။ ထို့အတူ အားလုံးအတွက် တတ်နိုင်သော၊ ယုံကြည်စိတ်ချရသော၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီသောစွမ်းအင်ကို ရယူသုံးစွဲနိုင်စေရမယ်လို့ ရည်မှန်းထားတဲ့ ကုလသမဂ္ဂရဲ့ ရေရှည်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင် အောင်မြင်စေရန်အတွက် စွမ်းအင်စနစ်များသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ရဲ့ အဓိကမောင်းနှင်အားပင် ဖြစ်ပါတယ်။ စွမ်းအင်ကဏ္ဍကနေ ဖန်လုံအိမ်ဓာတ်ငွေ့လေးပုံသုံးပုံခန့်ကို ထုတ်လွှတ်တဲ့အတွက် ၂၀၅၀ ပြည့်နှစ်မှာ အသားတင်ထုတ်လွှတ်မှု သုညအထိ ဖြစ်လာစေမယ့် မျှော်မှန်းချက်ကိုရရှိရန် ကာဗွန်ထုတ်လွှတ်မှုတွေကို လျင်မြန်စွာလျှော့ချဖို့ အထူးပဲ အရေးကြီးလှပါတယ်။ ရုပ်ကြွင်းလောင်စာတွေနဲ့ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေတတ်တဲ့ ကျွန်ုပ်တို့ရဲ့ စွဲလမ်းမှုတွေကို ချိုးဖျက်ပြီး ပိုပြီးသန့်ရှင်းစိမ်းလန်းစေမယ့်အနာဂတ်ကို ဆုပ်ကိုင်သွားရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဆယ်စုနှစ် နှစ်ခုအတွင်း ပြန်လည်ပြည့်ဖြိုးမြဲလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်လာခဲ့ပြီး ယနေ့ခေတ်တွင် တစ်ကမ္ဘာလုံး ပျမ်းမျှလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုရဲ့(၃၀ ရာခိုင်နှုန်း)နီးပါးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ ထုတ်လုပ်ခြင်းဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (၅၁၀) gigawatts (GW) နီးပါး ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ်ထက် (၅၀ ရာခိုင်နှုန်း)ခန့် တိုးလာခဲ့တော့ လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုအတွင်း အလျင်မြန်ဆုံး တိုးတက်မှုနှုန်း ဖြစ်ခဲ့ပါတယ်။ သို့ရာတွင် အသားတင်ထုတ်လွှတ်မှု သုညဆီသို့လျှော့ချမယ့် ဦးတည်ကြိုးပမ်းမှုတွေသည် စိန်ခေါ်မှုများစွာရှိနေတဲ့ ရေအရင်းအမြစ်လိုအပ်ချက် အများအပြားတော့ ရှိနေမှာ ဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးအတွက် တုံ့ပြန်မှုတွေအနေနဲ့ကတော့ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အနေနဲ့ ဖန်လုံအိမ်ဓာတ်ငွေ့တွေ လေ့လာစောင့်ကြည့်တဲ့(Global Greenhouse Gas Watch–G3W) ကွန်ရက်စနစ်ထူထောင်ပေးပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူညီချက်အရ လျော့ပါးသက်သာစေရေး လုပ်ဆောင်ချက်တွေကို ပိုမိုခိုင်မာသော သိပ္ပံဆိုင်ရာသတင်းအချက်အလက်တွေပံ့ပိုးပေးဖို့နဲ့ တိုင်းထွာစောင့်ကြည့်ရေးလှုပ်ရှားမှုတွေကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြင့် အားကောင်းလာစေမှာဖြစ်ပါတယ်။ Global Greenhouse Gas Watch–G3W ရဲ့ အရေးကြီးတဲ့ ပဏာမခြေလှမ်းက အဓိကဖန်လုံအိမ်ဓာတ်ငွေ့တွေရဲ့ ပထဝီဝင်ဒေသအလိုက်ပျံ့နှံ့တည်ရှိနေမှုနဲ့ အတိုးအလျော့အခြေအနေတွေနဲ့ပတ်သက်တဲ့ အချက်အလက်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ရည်ရွယ်ပြီး မြေပြင်နဲ့ ဂြိုဟ်တုမှ လေ့လာ၊ တိုင်းထွာတဲ့ အချက်အလက်တွေနဲ့အတူ သင်္ချာပုံစံမော်ဒယ်တွေမှာ ပေါင်းစပ်ခန့်မှန်းတွက်ချက်မယ့် မူဘောင်တစ်ရပ်ကို အထောက်အကူပြုပေးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အနေနဲ့ Global Greenhouse Gas Watch–G3W မှ မြေပြင်နဲ့ လေထုအတွင်းရှိ လစဉ်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ မီသိန်းဓာတ်ငွေ့တွေရဲ့ အညွှန်းကိန်းတွေကို လစဉ်ဖော်ပြပေးသွားဖို့ရှိတဲ့အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေအတွက် အလွန်တန်ဖိုးရှိတဲ့ သတင်းအချက်အလက်တွေ ဖြစ်လာပါလိမ့်မယ်။ ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးအတွက် သန့်ရှင်းတဲ့စွမ်းအင်တွေ အသုံးပြုရန် တုံ့ပြန်မှုအစီအစဉ်တွေအနေနဲ့ကတော့ မိုးလေဝသနဲ့ ရာသီဥတုတို့သည် လေ၊ နေရောင်ခြည်နဲ့ရေအားလျှပ်စစ်စနစ်တွေရဲ့ လည်ပတ်နိုင်မှုနှင့် စွမ်းဆောင်ရည်တို့အပေါ် သက်ရောက်မှုရှိတဲ့အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နဲ့ သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းတွေဟာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသွင်ကူးပြောင်းမှုကို ပံ့ပိုးပေးရန်အတွက် ရည်မှန်းထားသော ဝန်ဆောင်မှုတွေနဲ့ သတင်းအချက်အလက်တွေကို ပံ့ပိုးပေးနိုင်ဖို့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်လျက်ရှိနေပါတယ်။

**ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေရှိစေရေး**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေ အောင်မြင်မှုရရှိရန်မှာ ရာသီဥတုလုပ်ဆောင်ချက် (Climate Action)အပေါ် မူတည်နေပြီး အားလုံးအနီးကပ်ဆက်စပ်မှုတွေ ရှိနေကြပါတယ်။ ယနေ့ခေတ်တွင် မိုးလေဝသအခြေအနေတွေရဲ့ အကျိုးသက်ရောက်မှု၊ သဘာဝအတိုင်းဖြစ်ပေါ်နေတဲ့ ရာသီဥတုဖောက်ပြန်မှုနဲ့ လူတို့ကြောင့်ဖြစ်ပေါ်လာတဲ့ ရာသီဥတုပြောင်းလဲမှုတို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အောင်မြင်တဲ့ လုပ်ငန်းစီမံချက်တွေ ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ထိရောက်တဲ့ လိုက်လျောညီထွေဖြစ်ဖို့ ဆောင်ရွက်ချက်တွေမှာ ဒေသတစ်ခုချင်းစီရဲ့ လိုအပ်ချက်တွေကို အဆုံးအဖြတ်ပေးဖို့အတွက် ကျိုးကြောင်းဆီလျော်ပြီး အရည်အသွေးမြင့်မားတဲ့အချက်အလက်တွေ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

*စာမျက်နှာ ၁၆ မှ*

အချိန်နှင့်တစ်ပြေးညီပံ့ပိုးပေးဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ရာသီဥတုဘေးတွေကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲမယ်ဆိုပါက ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနဲ့ နိုင်ငံအလိုက် ရာသီဥတုသိပ္ပံဆိုင်ရာသတင်းအချက်အလက်တွေ၊ ခန့်မှန်းသုံးသပ်ချက်တွေကို လုပ်ငန်းစဉ်တွေ၊ မူဝါဒတွေနဲ့အတူ လက်တွေ့ပေါင်းစပ်ဆောင်ရွက်သွားကြဖို့ အလွန်အရေးကြီးပါတယ်။ ရာသီဥတုအပေါ် လိုက်လျောညီထွေဖြစ်အောင် ပံ့ပိုးပေးဖို့အတွက် သိပ္ပံနှင့်ရာသီဥတုဆိုင်ရာ ဝန်ဆောင်မှုတွေ အရှိန်အဟုန်ဖြင့် တိုးတက်လာနေပြီး နိုင်ငံအလိုက်နဲ့ အပြည်ပြည်ဆိုင်ရာ ရာသီဥတုဆိုင်ရာ ဝန်ဆောင်မှုတွေထဲမှာ အရည်အသွေးမြင့်မားတဲ့ တိုင်းထွာချက်တွေ၊ ရာသီဥတုတွက်ချက်မှုဆိုင်ရာ သင်္ချာပုံစံတွေရဲ့ ရလဒ်တွေအပါအဝင် အရေးကြီးတဲ့ ရာသီဥတုညွှန်းကိန်းတွေ၊ မြေပုံတွေ၊ ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မှု ဆန်းစစ်ချက်တွေ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်တွေအထိ ပါဝင်ပါတယ်။ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်တွေကို စိုက်ပျိုးထုတ်လုပ်မှု၊ ကျန်းမာရေးအခြေအနေတွေ၊ အန္တရာယ်မြင့်မားတဲ့ဒေသမှာ နေထိုင်ကြတဲ့ လူဦးရေပျံ့နှံ့မှုကုန်စည်ပို့ဆောင်မှုအတွက် ကုန်စည်စီးဆင်းနိုင်မယ့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦတွေနဲ့ ပတ်သက်တဲ့ မြေပုံတွေနှင့် အခြားသောလူမှုစီးပွားဆိုင်ရာအချက်အလက်တွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါ ရာသီဥတုဘေးတွေကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ကြမှာ ဖြစ်ပါတယ်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အနေနဲ့ သဘာဝဘေးအန္တရာယ်လျော့ပါးရေးကဏ္ဍ၊ စိုက်ပျိုးရေးနဲ့ စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနဲ့ ရေအရင်းအမြစ်စီမံခန့်ခွဲမှုကဏ္ဍတွေကို အဓိကထားပြီး ရာသီဥတုဆိုင်ရာ ဝန်ဆောင်မှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**အားလုံးအတွက် ကြိုတင်သတိပေးစနစ်များ**
**(Early Warnings for All)**

သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးစနစ်များသည် လူ့အဖွဲ့အစည်းကို အန္တရာယ်ပြုနိုင်တဲ့ ဆိုးရွားတဲ့မိုးလေဝသ၊ ဇလဗေဒနဲ့ရာသီဥတုအခြေအနေဆိုင်ရာဖြစ်ရပ်တွေနဲ့ လိုက်လျောညီထွေတုံ့ပြန်နိုင်ရေး ကူညီပေးဖို့အတွက် အရေးကြီးတဲ့ စနစ်တစ်ခုဖြစ်ပါတယ်။ ကြိုတင်သတိပေးစနစ်တွေဟာ သဘာဝဘေးဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုတွေထက် ကုန်ကျစရိတ်သက်သာခြင်း၊ အသက်ဆုံးရှုံးမှုတွေကို ကယ်တင်နိုင်ခြင်းနဲ့ စီးပွားရေးဆုံးရှုံးမှုတွေကို လျှော့ချကာ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်ထက် ဆယ်ဆနီးပါး အကျိုးကျေးဇူးရရှိစေပါတယ်။ ကြိုတင်သတိပေးချက်ဝန်ဆောင်မှုတွေသည် ရေရှည်ဖွံ့ဖြိုးမှုရည်မှန်းချက်တွေရဲ့ လုပ်ငန်းတိုးတက်မှုကို အထောက်အပံ့ဖြစ်စေပြီး အဖွဲ့အစည်းတွေရဲ့ပူးပေါင်းဆောင်ရွက်နိုင်စွမ်းတွေကို ပိုပြီးရရှိစေပါတယ်။ ဥပမာအနေနဲ့ ဆိုးရွားတဲ့မိုးလေဝသဖြစ်စဉ်တွေနဲ့ ဆက်စပ်တဲ့ ဆင်းရဲမွဲတေမှုတွေအတွက် အန္တရာယ်ကျရောက်မှုမှ လျှော့ချပေးနိုင်ခြင်း၊ စိုက်ပျိုးရေးအသက်မွေးဝမ်းကျောင်းမှုနဲ့ စားနပ်ရိက္ခာဖူလုံမှုတို့ကို ကြိုတင်ကာကွယ်ပေးနိုင်ခြင်း၊ ပျက်စီးဆုံးရှုံးမှုနည်းပါးစေခြင်း၊ ကျန်းမာရေးအတွက် အပူဒဏ်အန္တရာယ်ကြိုတင်သတိပေးချက်တွေနဲ့ မြို့တော်ကြီးတွေ ရေရှည်တည်တံ့ရေးအတွက် ပိုမိုအထောက်အကူဖြစ်စေပါတယ်။ ၁၉၇၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ပြင်းထန်တဲ့ မိုးလေဝသ၊ ရာသီဥတုနှင့် ဇလဗေဒဆိုင်ရာဘေးတွေကြောင့် စီးပွားရေးဆုံးရှုံးမှုမှာ ဒေါ်လာ (၄.၃) ထရီလီယံရှိပြီး သေဆုံးသူ (၂) သန်းကျော်ရှိခဲ့ပါတယ်။ စီးပွားရေးဆုံးရှုံးမှုတွေ မြင့်တက်လာသော်လည်း ကြိုတင်သတိပေးချက်များ ပိုမိုကောင်းမွန်လာကာ ညှိနှိုင်းပေါင်းစပ်မှုကောင်းမွန်တဲ့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုတွေကြောင့် ထိခိုက်သေဆုံးသူဦးရေ လျော့နည်းသွားခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၉ ခုနှစ်အတွင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဇလဗေဒနဲ့ဆက်နွှယ်တဲ့ ဘေးတွေကြောင့် သေဆုံးသူ ၅၅၀၀၀၀ ကျော်ရှိခဲ့ပေမယ့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်ကြားတွင် သေဆုံးသူ ၁၈၅၀၀၀ အောက်ကို ကျဆင်းသွားခဲ့ပါတယ်။ ဒါပေမယ့် သေဆုံးမှုကိန်းဂဏန်းတွေက လက်မခံနိုင်အောင် မြင့်မားနေဆဲဖြစ်ပြီး သေဆုံးသူ (၉၀ ရာခိုင်နှုန်း)ကျော်က ဖွံ့ဖြိုးဆဲနိုင်ငံတွေမှ ဖြစ်ပါတယ်။ အလျင်အမြန်လုပ်ဆောင်ဖို့ လိုအပ်ချက်တွေရှိပေမယ့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ထက်ဝက်လောက်ကသာ ပြည့်စုံတဲ့ဘက်စုံ သဘာဝဘေးကြိုတင်သတိပေးစနစ်ရှိကြတယ်လို့ သတင်းပို့ထားကြပါတယ်။ ဒီလိုအခြေအနေကနေ ပြောင်းလဲသွားစေဖို့အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နဲ့ နိုင်ငံတကာမှ ဆက်စပ်ဌာနအဖွဲ့အစည်းတွေ စုပေါင်းပြီး ၂၀၂၇ ခုနှစ် နှောင်းပိုင်းလောက်မှာ လူသားတိုင်း ကြိုတင်သတိပေးစနစ် လွှမ်းခြုံမှုရရှိစေမယ့်လုပ်ငန်းစဉ်အသစ်တစ်ခုဖြစ်တဲ့ Early Warnings for All (အားလုံးအတွက် ကြိုတင်သတိပေးချက်များ) စနစ်ကို စတင်အကောင်အထည်ဖော်နေပြီး ယခုအခါ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတွေ၊ မိုးခေါင်မှုနဲ့ ရေလွှမ်းမိုးမှုဆိုင်ရာ စီမံခန့်ခွဲမှုတွေအပါအဝင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ရဲ့ လုပ်ငန်းအစီအစဉ်တွေက Early Warnings for All ရဲ့ ဦးစားပေးအစီအစဉ်တွေကို ပံ့ပိုးဖို့အတွက် ကောင်းစွာပြင်ဆင်ထားပြီး ဖြစ်ပါတယ်။

> **“ သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးစနစ်တွေဟာ လူ့အဖွဲ့အစည်းကို အန္တရာယ်ပြုနိုင်တဲ့ ဆိုးရွားတဲ့မိုးလေဝသ၊ ဇလဗေဒနဲ့ရာသီဥတုအခြေအနေဆိုင်ရာဖြစ်ရပ်တွေနဲ့ လိုက်လျောညီထွေတုံ့ပြန်နိုင်ရေး ကူညီပေးရန်အတွက် အရေးကြီးတဲ့စနစ် တစ်ခုဖြစ်ပါတယ် ”**

**စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံမှု**

ကူးစက်ရောဂါဖြစ်ပွားမှု၊ ပဋိပက္ခ၊ ရာသီဥတုပြောင်းလဲမှုနဲ့ ပိုမိုနက်ရှိုင်းလာတဲ့ မညီမျှမှုတွေ အကြောင်းရင်းတွေ ပေါင်းစပ်မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်မှုနဲ့စားနပ်ရိက္ခာ မလုံလောက်မှု ပြဿနာဟာ ၂၀၁၅ ခုနှစ်မှစတင်ကာ စိုးရိမ်ဖွယ်ရာ တိုးမြင့်လာမှုကိုပြသခဲ့ပြီး ပိုမိုဆိုးရွားလာခဲ့ပါတယ်။ ၂၀၂၂ခုနှစ်တွင် ခန့်မှန်းခြေအားဖြင့် လူဦးရေ (၇၃၅) သန်း သို့မဟုတ် ကမ္ဘာ့လူဦးရေရဲ့ (၉.၂ ရာခိုင်နှုန်း) သည် ကာလရှည်ငတ်မွတ်ခေါင်းပါးမှုအခြေအနေတွင် ကြုံတွေ့ခဲ့ရပြီး ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာနေပါတယ်။ ရာသီဥတုပြောင်းလဲမှုသည် မိုးခေါင်ခြင်းနဲ့ ပူပြင်းခြောက်သွေ့ခြင်းကဲ့သို့သော ဆိုးရွားတဲ့ မိုးလေဝသအခြေအနေတွေကို မကြာခဏဖြစ်ပေါ်စေပါတယ်။ ဆင်းရဲမွဲတေမှု ပိုမိုဆိုးရွားလာခြင်း၊ ငတ်မွတ်ခေါင်းပါးမှုနဲ့ ဆက်နွှယ်နေတဲ့ အစားအစာနဲ့ကျန်းမာရေးဆိုင်ရာ မလုံခြုံမှုတို့ကလည်း ပြဿနာတွေကို တွန်းအားပေးလျက်ရှိပါတယ်။ ကောက်ပဲသီးနှံ၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးကဏ္ဍအနေနဲ့ ရာသီဥတုဖောက်ပြန်မှုနဲ့ ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ထိခိုက်နိုင်မှုအများဆုံးကဏ္ဍဖြစ်ပြီး ခါတ်ငွေ့ထုတ်လွှတ်မှုတွေ လျှော့ချရေးနဲ့ ရာသီဥတုသက်ရောက်မှုတွေကို လိုက်လျောညီထွေတုံ့ပြန်ကြမယ့်၊ လုပ်ငန်းအစီအစဉ်တွေ ဆောင်ရွက်ကြမယ့် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ (၉၀ ရာခိုင်နှုန်း) ကျော်က စိုက်ပျိုးရေးကဏ္ဍအပေါ် လိုက်လျောညီထွေဖြစ်အောင် ပံ့ပိုးပေးဖို့လိုအပ်ကြောင်း တင်ပြချက်တွေအရ သိရှိရပါတယ်။

စိုက်ပျိုးရေးအသိုက်အဝန်းအား ရေရှည်တည်တံ့ပြီး စီးပွားရေးအရအကျိုးရှိစေမယ့် စိုက်ပျိုးရေးစနစ်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က အဖွဲ့ဝင်နိုင်ငံတွေကို မိုးလေဝသ၊ ရာသီဥတုတို့နဲ့ ဆက်စပ်တဲ့ဝန်ဆောင်မှုတွေ ကူညီပံ့ပိုးပေးခြင်း၊ အယ်လ်နီညို၊ လာနီညာနဲ့အခြားသော ရာသီဥတုဆိုင်ရာဖြစ်စဉ်တွေ ဖြစ်ပေါ်နိုင်မှုအခြေအနေတွေနဲ့ပတ်သက်ပြီး ရာသီဥတုခန့်မှန်းချက်တွေ ထုတ်ပြန်ပေးလျက်ရှိပါတယ်။

**ကျန်းမာရေးကဏ္ဍ**

ရာသီဥတုပြောင်းလဲလာမှုရဲ့ သက်ရောက်မှုတွေကြောင့် လူသားတွေရဲ့ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိပြီး ဆိုးရွားတဲ့ မိုးလေဝသဘေးတွေအနက် အပူချိန်မြင့်တက်ခြင်းက သဘာဝဘေးတွေ အားလုံးအနက် သေဆုံးမှုအများဆုံးဖြစ်ပြီး ထိခိုက်လွယ်တဲ့ လူဦးရေအုပ်စုကတော့ အန္တရာယ်အများဆုံးဖြစ်ပါတယ်။ ၂၀၀၀-၂၀၁၉ ခုနှစ်မှ တစ်ကမ္ဘာလုံးတွင် အပူဒဏ်နဲ့ဆက်စပ်ပြီး နှစ်စဉ်သေဆုံးမှု (၄၉၀,၀၀၀) ခန့်ရှိခဲ့တယ်လို့ ခန့်မှန်းရပြီး ကမ္ဘာ့နိုင်ငံတွေရဲ့ ထက်ဝက်ခန့်တွင်သာ အပူဒဏ်အန္တရာယ် သတိပေးချက်များကို ထုတ်ပြန်နိုင်သေးကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ရဲ့ ၂၀၂၃ ခုနှစ် ကျန်းမာရေးကဏ္ဍအတွက် ရာသီဥတုဝန်ဆောင်မှုတွေ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် ရာသီဥတုဒဏ်ခံနိုင်သောကူးစက်ရောဂါတွေ၊ အစားအစာနဲ့ ရေမှကူးစက်တတ်သောရောဂါ ကူးစက်မှုတွေကိုလည်း ပိုမိုဆိုးရွားစေပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးကဏ္ဍ ကောင်းမွန်လာစေဖို့အတွက် သုတေသနနှင့် လူမှုရေးသိပ္ပံအသိုက်အဝန်းများအနေနဲ့လည်း ရာသီဥတုနဲ့ ကျန်းမာရေးစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ အတူတကွ ကြိုးစားနေကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်တို့အနေနဲ့ ရာသီဥတုပြောင်းလဲမှု၊ လွန်ကဲတဲ့ မိုးလေဝသဖြစ်စဉ်တွေ၊ အခြားပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်တွေကြောင့် လူသားတို့ရဲ့ ကျန်းမာရေးကို ပိုမိုကောင်းမွန်စွာ ကာကွယ်နိုင်ဖို့အတွက် ရာသီဥတုနဲ့သိပ္ပံဆိုင်ရာဝန်ဆောင်မှုတွေ ပေါင်းစပ်ထုတ်လုပ်အသုံးချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**ရေအရင်းအမြစ် စီမံခန့်ခွဲမှု**

ရေသည် အသက်ရှင်သန်မှုအတွက် မရှိမဖြစ်လိုအပ်သော်လည်း လိုအပ်ချက်ထက်များခြင်း သို့မဟုတ် လုံလောက်မှုနည်းပါးပါက လူ့အသက်၊ လူမှုအဖွဲ့အစည်းတွေနဲ့ စီးပွားရေးကို ခြိမ်းခြောက်ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် ရေသံသရာလည်ခြင်းသည် ဟန်ချက်မညီစွာ လည်ပတ်နေပါတော့တယ်။ မိုးခေါင်မှုနဲ့ ရေကြီးရေလျှံမှုဖြစ်ရပ်တွေက မကြာခဏဖြစ်ပေါ်လာနေပြီး ပိုမိုပြင်းထန်လာကာ အသက်၊ အိုးအိမ်၊ စည်းစိမ်နဲ့စီးပွားရေးကို အကြီးအကျယ်ထိခိုက်နေပါတယ်။ လက်ရှိတွင် လူဦးရေ (၃.၆) ဘီလီယံသည် တစ်နှစ်လျှင် အနည်းဆုံး တစ်လ ရေလုံလောက်စွာမရရှိမှုနဲ့ ရင်ဆိုင်နေရပြီး ၂၀၅၀ ပြည့်နှစ်တွင် (၅) ဘီလီယံကျော်အထိ တိုးလာနိုင်မယ်လို့ ခန့်မှန်းထားကြပါတယ်။ ရာသီဥတုပြောင်းလဲမှုဟာ ရေနဲ့ဆက်စပ်တဲ့ဘေးအန္တရာယ်များအတွက် ကျွန်ုပ်တို့၏ ဘေးဒဏ်ခံရနိုင်မှုကို မြင့်တက်လာစေမည်ဖြစ်ပြီး ရေအရင်းအမြစ်လုံလောက်စွာမရရှိခြင်းကြောင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါမယ်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်သည် ပိုမိုကောင်းမွန်တဲ့ စောင့်ကြည့်တိုင်းထွာခြင်း၊ အချက်အလက်တွေ မျှဝေခြင်းနဲ့ စီမံခန့်ခွဲခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း၊ ရေအရင်းအမြစ် အကဲဖြတ်ဆန်းစစ်ခြင်းနဲ့ ရင်းနှီးမြှုပ်နှံမှုတွေတိုးလာစေဖို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် တိကျမှန်ကန်တဲ့ ဇလဗေဒဆိုင်ရာ သတင်းအချက်အလက်တွေ အချိန်နဲ့တစ်ပြေးညီ ဖြန့်ဝေပေးပို့နိုင်ရေးနဲ့ ဘက်စုံရေအရင်းအမြစ်စီမံခန့်ခွဲမှုဗျူဟာတွေ ချမှတ်နိုင်ဖို့အတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွေရဲ့ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုတွေ၊ လျှပ်တစ်ပြက် ရေကြီးမှု၊ မိုးခေါင်မှုနှင့် ရေကြီးမှု အန္တရာယ်တွေလျော့ပါးစေဖို့ လိုအပ်တဲ့အစီအမံတွေပြုလုပ်နိုင်ဖို့ ကူညီပေးလျက်ရှိပါတယ်။ ရေသည် အားလုံးအတွက် ကြိုတင်သတိပေးချက်တွေ(Early Warnings for All) လုပ်ငန်းစဉ်နှင့် ရာသီဥတုဆိုင်ရာ လုပ်ဆောင်မှု(Climate Action) တွေအတွက် ဗဟိုချက်ဖြစ်တဲ့အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီးအနေနဲ့ ဇလဗေဒဆိုင်ရာရေရှည်မျှော်မှန်းချက်တွေနဲ့ လုပ်ငန်းစဉ်တွေချမှတ်ထားပြီး ဖြစ်ပါတယ်။

**ကျွန်ုပ်တို့၏ အနာဂတ်**

ဆုံးဖြတ်ချက်ချမှတ်ဖို့ အထောက်အကူဖြစ်စေတဲ့ မိုးလေဝသ၊ ရာသီဥတုနဲ့ ဇလဗေဒခန့်မှန်းချက်၊ အချက်အလက်တွေအတွက် လိုအပ်ချက်တွေက လာမည့်နှစ်တွေမှာ ပိုမိုလျင်မြန်စွာ တိုးလာဖွယ်ရှိနေပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အနေနဲ့ စူပါကွန်ပျူတာတွေ၊ ဂြိုဟ်တုမှ လေ့လာစူးစမ်းတဲ့နည်းပညာ၊ စမတ်မိုဘိုင်းလ်ကိရိယာတွေနဲ့ ဉာဏ်ရည်တုနည်းပညာတို့ရဲ့ စွမ်းအားတွေကိုအသုံးပြုနေပြီး ပုဂ္ဂလိကကဏ္ဍတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာဖို့ လုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်ုပ်တို့၏ အနာဂတ်ကမ္ဘာကိုပုံဖော်ပေးမယ့် ကမ္ဘာကြီးရဲ့ ယနေ့လုပ်ဆောင်ချက်တွေက အထူးအရေးကြီးနေပြီဖြစ်လို့ လူသားအားလုံးနဲ့ အနာဂတ်မျိုးဆက်သစ်တွေအတွက် ရင်ဆိုင်ရမယ့် စိန်ခေါ်မှုများစွာကို ပိုမိုကောင်းမွန်တဲ့ စီမံခန့်ခွဲမှုတွေနဲ့အတူ ကျွန်ုပ်တို့အားလုံး စည်းလုံးညီညွတ်စွာနဲ့ Climate Action တွေ အမြန်ဆုံးဆောင်ရွက်ကြရတော့မှာဖြစ်ပါတယ်။

**နိဂုံး**

မြန်မာနိုင်ငံမှာ ပစ္စုပ္ပန်နဲ့အနာဂတ်မျိုးဆက်သစ်တွေ ချမ်းသာသုခရရှိစေရေးအတွက် ရေရှည်တည်တံ့သော၊ ကြွယ်ဝချမ်းသာမှုရှိသော၊ အားလုံးပါဝင်သော ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရန်အတွက် ချမှတ်ထားပြီးဖြစ်တဲ့ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒနဲ့ မဟာဗျူဟာတွေနဲ့အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုကိုသက်သာစေရန်နဲ့ လိုက်လျောညီထွေတုံ့ပြန်ဆောင်ရွက်နိုင်ကြဖို့ သက်ဆိုင်ရာကဏ္ဍအလိုက် Climate Action တွေ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း မိုးလေဝသ၊ ဇလဗေဒ၊ ရာသီဥတုဆိုင်ရာ လေ့လာစောင့်ကြည့်ခြင်း၊ ခန့်မှန်းချက်၊ သတိပေးချက်တွေနဲ့အတူ မြေငလျင်၊ ဆူနာမီကဲ့သို့ သဘာဝဘေးတွေအပါအဝင် ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးချက်တွေ ပိုမိုထိရောက်မှုရှိစေဖို့အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်ပံ့ပိုးမှုတွေနဲ့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေနဲ့အတူ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနဲ့ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ရဲ့ ထုတ်ပြန်ချက်တွေကို ရည်ညွှန်းကိုးကားလျက် ၂၀၂၄ ခုနှစ် မတ်လ ၂၃ ရက် နေ့မှာ ကျရောက်တဲ့ ကမ္ဘာ့မိုးလေဝသနေ့အား ကြိုဆို၊ ဂုဏ်ပြုတင်ပြအပ်ပါတယ်။ ။

# အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ပအိုဝ်းတိုင်းရင်းသားများ နေထိုင်သော ကျေးရွာများဖြစ်သည့် နမ့်ဟူးကျေးရွာ၊ ကျောက်ကချားကျေးရွာ၊ စံဖူးကျေးရွာ၊ ပါချားကလို့ကျေးရွာ၊ ဒုံလိတောင်ကျေးရွာများသို့ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PNLO၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမားများသည် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ ကျေးရွာသူ ကျေးရွာသားများ အသွင်ဖြင့် စိမ့်ဝင်ပုံဖျက်ဝင်ရောက်ခြင်း၊ ကျေးရွာများအတွင်းရှိ နေအိမ်များကို အကာအကွယ်ရယူ၍ဝင်ရောက်နေရာယူ လှုပ်ရှားခြင်းများလုပ်ဆောင်ခဲ့သည်။

ထိုသို့ လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်သို့ သတင်းပေးပို့တိုင်ကြားမှုများ ပြုလုပ်ခဲ့ကြသဖြင့် တပ်မတော်နှင့် PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PNLO ၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မ လုယက်ယူဆောင်ခြင်းတို့ကို လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြပြီး ဒေသခံတိုင်းရင်းသားများ အနေဖြင့် ဘေးလွတ်ရာနေရာများ၌ ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရသည်။



ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် အိမ်ဆောက်ပစ္စည်းများ နှင့် ထောက်ပံ့ရေးပစ္စည်းများအား ပေးအပ်စဉ်။



အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

အဆိုပါ အကြမ်းဖက်သမားများ ဖျက်ဆီးသွားခဲ့သည့် ကျေးရွာများအတွင်း ယာယီနေရပ်စွန့်ခွာ ဒေသခံ တိုင်းရင်းသားများ ပြန်လည်အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ အတွက် ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်း၍ စုပေါင်း သန့်ရှင်းရေး လုပ်ငန်းများနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဟိုပုံးတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် အိမ်ဆောက်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တွံတေးမြို့နယ်၌ မြေးအဘွား နှစ်ဦးသာရှိသည့်အနက် မြေးဖြစ်သူ စစ်မှုထမ်းရန် သိရှိရသဖြင့် အဘွားဖြစ်သူ နှလုံးရပ်သေဆုံးကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လက်ပံကုန်းကျေးရွာတွင် မြေးအဘွား နှစ်ဦးသာရှိသည့်အနက် မြေးဖြစ်သူသည် စစ်မှုထမ်းဆောင်ရမည်ဟု သိရသည့်အတွက် အဘွားဖြစ်သူမှာ မတ် ၁၅ ရက်တွင် နှလုံးရပ်သေဆုံးသွားကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ တွံတေးမြို့နယ်စီမံအုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူများ ထင်ယောင်ထင်မှား မဖြစ်စေရန်နှင့် သိရှိနားလည်စေရန် အသိပညာပေး ဟောပြောခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးဟောပြော ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေတွင်လည်း အခြားပြုစုစောင့်ရှောက်မည့်သူ မရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်ကြောင်း ပါဝင်ခြင်းတို့ကြောင့် လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေထားသည့် လက်ပံကုန်းကျေးရွာမှ မြေးအဘွားနှစ်ဦးသာရှိသည့်အနက် မြေးဖြစ်သူ စစ်မှုထမ်းဆောင်ခိုင်းကြောင်း ရေးသားထားသည်မှာ လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အဘွားဖြစ်သူမှာ အသက် ၈၀ ကျော်အရွယ်ဖြစ်ပြီး မြေးအဘွားနှစ်ဦးတည်းမဟုတ်ဘဲ ၎င်း၏ သားသုံးယောက်၊ သမီးတစ်ယောက်တို့နှင့်အတူ တွံတေးမြို့နယ် လက်ပံကုန်းကျေးရွာတွင် နေထိုင်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများ၏ သတင်းတု၊ သတင်းအမှားများ၊ ကောလာဟလသတင်းများကို သတိပြုဆင်ခြင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် မိမိတို့သိရှိလိုသော သတင်းအချက်အလက်များကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်ကုန်းမြို့နယ်အတွင်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် နေအိမ်များပျက်စီး

**တပ်ကုန်း မတ် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် မြောက်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တွင် အလျား ၇၅ ပေ၊ အနံ ၂၁ ပေရှိ ကျောင်းဆောင်အမိုးလန်ပျက်စီးခဲ့ပြီး အေးချမ်းသာစံပြကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ နေအိမ်လေးလုံးနှင့် ကျေးရွာဆေးပေးခန်း၊ အိမ်သာတစ်လုံး အမိုးလန်ပျက်စီးခြင်း၊ မိုးနံကုန်းကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ထရံကာကျေးရွာတွင် နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခြင်း၊ သော်တာကျေးရွာတွင် နေအိမ်ကိုးလုံး အမိုးလန်ပျက်စီးခြင်း၊ ကျေးချောင်း(မ)ကျေးရွာတွင် ဇရပ်တစ်လုံးနှင့် နေအိမ်သုံးလုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**တင်စိုးလွင်**



○ ကျောဖုံးမှ

ဦးဆောင်နိုင်သော်လည်း ဒုတိယပိုင်းတွင် ချေပဂိုး ပြန်ပေးလိုက်ရသဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆီးရီးယားအသင်းနှင့် ပထမအကျော့ပွဲအတွက် ကစားသမား ၂၃ ဦး ရွေးချယ်ခဲ့သော်လည်း ယင်းကစားသမားများအနက် ကျော်ကိုကို၊ သီဟထက်အောင်နှင့် ဝေလင်းအောင်တို့ကျန်ရစ်ခဲ့ပြီး ယင်းနှစ်ဦးနေရာတွင် နောက်ခံလူ ဖွဲ့ခန့်မင်းနှင့် ဟိန်းဇေယျာလင်း နှစ်ဦးကိုသာ ပြန်လည်အစားထိုးပြီး ကစားသမား ၂၂ ဦးဖြင့် သွားရောက်ခြင်းဖြစ်သည်။

ဆီးရီးယားအသင်းနှင့် အဝေးကွင်းသွားရောက် ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုးသမား** – ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ပြည့်ဖြိုးအောင်၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ **နောက်တန်း** – ဟိန်းဇေယျာလင်း၊ ဒေးဗစ်ထန် (ရှမ်းယူနိုက်တက်)၊ ကောင်းထက်ပိုင်၊ ငြိမ်းချမ်း (Dagon Port)၊ ဟိန်းဖြိုးဝင်း၊ (ရတ်ချာဘူရီ-ထိုင်း)၊ စိုးမိုးကျော် (ဖနွမ်းပင်ခရောင်း – ကမ္ဘောဒီးယား)၊ သက်ဟိန်းစိုး၊ ဖွဲ့ခန့်မင်း၊ ခွန်ကျော်ဇင်ဟိန်း (ရှမ်းယူနိုက်တက်)၊ **အလယ်တန်း** – ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း(ရန်ကုန်ယူနိုက်တက်)၊ ကျော်မင်းဦး (PDRM–မလေးရှား)၊ နေမိုးနိုင်(ဟံသာဝတီ)၊ လွင်မိုးအောင် (Rayong–ထိုင်း)၊ ဟိန်းထက်အောင်(နီဂျီရီဆီဘီလန်–မလေးရှား)၊ **ရှေ့တန်း**–အောင်သူ (အူထိုင်းထာနီ–ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ–ထိုင်း)၊ အောင်ကောင်းမာန် (နာခွန်ရတ်ချာစီမာ–ထိုင်း)၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်) တို့ ပါဝင်သည်။

ဆီးရီးယားအသင်းသည် အိမ်ကွင်းပွဲများကို ဆော်ဒီအာရေဗျနိုင်ငံ၌ လက်ခံကစားလျက်ရှိသောကြောင့် မြန်မာအသင်းနှင့်ပွဲကိုလည်း မြန်မာစံတော်ချိန် မတ် ၂၇ ရက် နံနက် ၁ နာရီခွဲ (ဒေသစံတော်ချိန် မတ် ၂၆ ရက် ည ၁၀ နာရီ) တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–သော်လေး**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၂၄-၂၀၂၅) ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့ သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

**မဟာဘွဲ့သင်တန်းများ**

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (Master of Business Administration_MBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (Master of Public Administration_MPA) Online သင်တန်း
(ဂ) ဖွံ့ဖြိုးရေးပညာမဟာဘွဲ့(Master of Development Studies_MDevS) Online သင်တန်း
(ဃ) ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (Master of Banking and Finance_MBF) Online သင်တန်း
(င) အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (Master of Applied Statistics_MAS) Online သင်တန်း
(စ) ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (Master of Marketing Management _MMM) Online သင်တန်း
(ဆ) ဧည့်ဝတ်နှင့်ခရီးသွားလာရေးစီမံခန့်ခွဲမှုမဟာဘွဲ့(Master of Hospitality and Tourism Management_MHTM) Online သင်တန်း
(ဇ) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (Executive Master of Business Administration_EMBA)
(ဈ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(Executive Master of Public Administration_EMPA)(Online သင်တန်း)
(ည) ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ (Executive Master of Development Studies_EMDevS) (Online သင်တန်း)

**ဘွဲ့လွန်ဒီပလိုမာသင်တန်းများ**

(က) သုတေသနပညာဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Research Studies_PGDRS) Online သင်တန်း
(ခ) ဈေးကွက်ဆိုင်ရာစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Marketing Management_ PGDMM) Online သင်တန်း

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အခြားတက္ကသိုလ်တစ်ခုခုတွင် သင်တန်းတစ်ခုခုကို တစ်ပြိုင်တည်း တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) မဟာဘွဲ့သင်တန်းများအတွက် သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲနှင့် လူတွေ့အကဲဖြတ်စစ်ဆေးခြင်းတို့ကို လူကိုယ်တိုင် လာရောက်ဖြေဆိုအောင်မြင်သူဖြစ်ရမည်။
(င) Executive တန်းများအတွက် (၁-၇-၂၀၂၄) ရက်နေ့တွင် အသက်(၃၀)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
(စ) MBF (Online) သင်တန်းအတွက် ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်တစ်ခုခုတွင် လုပ်ငန်းခွင်အတွေ့အကြုံ လုပ်သက်အနည်းဆုံး (၂)နှစ်ရှိပြီး (၁-၇-၂၀၂၄) ရက်နေ့တွင် အသက် (၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
(ဆ) MAS (Online) သင်တန်းအတွက် လုပ်ငန်းခွင် လုပ်သက်အနည်းဆုံး (၂)နှစ် နှင့် (၁-၇-၂၀၂၄)ရက်နေ့တွင် အသက်(၂၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ Computing Skills တတ်ကျွမ်းသူ ဖြစ်ရမည်။
(ဇ) MMM (Online) သင်တန်းအတွက် ဈေးကွက်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းခွင် (အလယ်အလတ်အဆင့်စီမံခန့်ခွဲမှု) အတွေ့အကြုံ လုပ်သက်အနည်းဆုံး(၂)နှစ်ရှိပြီး (၁-၇-၂၀၂၄) ရက်နေ့တွင် အသက်(၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
(ဈ) MHTM (Online) သင်တန်းအတွက် ဧည့်ဝတ်နှင့်ခရီးသွားလာရေး စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းခွင် (အလယ်အလတ်အဆင့်စီမံခန့်ခွဲမှု) အတွေ့အကြုံလုပ်သက် အနည်းဆုံး (၂)နှစ်ရှိပြီး (၁-၇-၂၀၂၄) ရက်နေ့တွင် အသက် (၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
(ည) EMBA သင်တန်းအတွက် အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိ လုပ်သက်အနည်းဆုံး (၈)နှစ်ရှိရမည်ဖြစ်ပြီး၊ နိုင်ငံတကာအဖွဲ့အစည်းနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများမှ ဝန်ထမ်းဖြစ်လျှင် Executive Level (စီမံခန့်ခွဲမှုအဆင့်) လုပ်သက်အနည်းဆုံး(၈)နှစ် ရှိရမည်။
(ဋ) EMPA (Online သင်တန်း)အတွက် အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိ လုပ်သက် အနည်းဆုံး (၂) နှစ်ရှိရမည်ဖြစ်ပြီး၊ နိုင်ငံတကာအဖွဲ့အစည်းနှင့် ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level (စီမံခန့်ခွဲမှု အဆင့်) လုပ်သက်(၂)နှစ် ရှိရမည်။
(ဌ) EMDevS (Online သင်တန်း)အတွက် အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိ လုပ်သက်အနည်းဆုံး (၂)နှစ် ရှိရမည်ဖြစ်ပြီး၊ နိုင်ငံတကာအဖွဲ့အစည်းနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်း ဖြစ်လျှင် Executive Level (စီမံခန့်ခွဲမှုအဆင့်) လုပ်သက်(၂)နှစ် ရှိရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် သတ်မှတ်ရက်အတွင်း တင်သွင်းလျှောက်ထားနိုင်ပါသည်။

| စဉ် | သင်တန်းအမည် | လျှောက်လွှာတင်သွင်းရမည့်ရက် | ရေးဖြေ ဖြေဆိုရမည့်ရက် | ဆက်သွယ်ရမည့် နယ်မြေ/ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | MBA (ပုံမှန်)<br>EMBA(ပုံမှန်) | (၂၈-၃-၂၀၂၄ မှ ၂၃-၅-၂၀၂၄) | (၂၆-၅-၂၀၂၄) တနင်္ဂနွေနေ့ | လှိုင်နယ်မြေ<br>(၀၁ ၈၆၆၄၆၈၄) |
| ၂။ | MPA(Online)<br>EMPA(Online) | (၃-၄-၂၀၂၄ မှ ၁၄-၆-၂၀၂၄) | (၁၆-၆-၂၀၂၄) တနင်္ဂနွေနေ့<br>(၁၅-၆-၂၀၂၄) စနေနေ့ | ကမာရွတ်နယ်မြေ<br>(၀၁ ၇၅၁၂၆၃၃) |
| ၃။ | MDevS(Online)<br>EMDevS(Online) | (၂၈-၃-၂၀၂၄ မှ ၂၁-၆-၂၀၂၄) | (၂၃-၆-၂၀၂၄) တနင်္ဂနွေနေ့ | ကမာရွတ်နယ်မြေ<br>(၀၁ ၇၅၂၆၆၁၃) |
| ၄။ | MBF, MHTM,<br>MMM (Online) | (၂၈-၃-၂၀၂၄ မှ ၆-၆-၂၀၂၄) | (၂၃-၆-၂၀၂၄) တနင်္ဂနွေနေ့ | ကမာရွတ်နယ်မြေ<br>(၀၉၄၄၂၆၃၁၈၉၈) |
| ၅။ | MAS(Online) | (၆-၅-၂၀၂၄ မှ ၂၆-၇-၂၀၂၄) | (၂၈-၇-၂၀၂၄) တနင်္ဂနွေနေ့ | ကမာရွတ်နယ်မြေ<br>(၀၉၂၅၆၇၁၂၇၄၀) |
| ၆။ | PGDRS (Online) | (၂၈-၃-၂၀၂၄ မှ ၂၃-၅-၂၀၂၄) | လူတွေ့နှုတ်ဖြေရက်-<br>၂၇-၅-၂၀၂၄ (တနင်္လာနေ့) | ကမာရွတ်နယ်မြေ<br>(၀၉၄၄၄၀၂၇၄၀၃၊<br>၀၉၆၉၆၁၆၄၇၇၇၊<br>၀၉၆၆၃၅၅၆၈၆၈) |
| ၇။ | PGDMM (Online) | (၂၈-၃-၂၀၂၄ မှ၂၈-၆-၂၀၂၄) | လူတွေ့နှုတ်ဖြေရက်-<br>၈-၇-၂၀၂၄(တနင်္လာနေ့) | ကမာရွတ်နယ်မြေ<br>(၀၉၄၄၂၆၃၁၈၉၈) |

**ဌာနမှူး(သင်တန်း)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၃၅၁၄၈ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၂၈၈၉, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၅/မမတ(နိုင်)၀၀၀၉၈၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၁၉၃၉၂, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ထွန်းအောင် ၅/ဒပယ(နိုင်)၁၂၄၃၂၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်ချောင်းမြို့နယ်၊ မြို့မရပ်ကွက်၊ အမှတ်(၅၆-B)နေ မထွေး အိအိလင်းနှင့်မောင်ဟိန်းထက်ဇော်တို့၏မိခင် ဒေါ်ရီရီအေးနှင့် ဒေါ်ရီအေး ၆/သရခ(နိုင်)၀၀၇၂၉၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ရီရီအေး(ခ)ဒေါ်ရီအေး**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရာမည (၃)လမ်းနေ ကျွန်မ ဒေါ်ဖူးဖူးဆွေ ၁၄/ပသန(နိုင်)၃၁၉၆၄၉၏ နိုင်ငံကူးလက်မှတ် (MI-183751) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၉၃၄၇၉၂**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/3973, Suzuki Ertiga, S/W (4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဦးစံရွှေထက် ၁၂/စခန(နိုင်) ၀၇၈၂၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၁၄၂၀၅, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၆/ပလန(နိုင်)၀၇၀၅၂၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/9032 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၃၁၇)၊ ပထမထပ်(B) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရား ဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်အေး (၁၂/ဒပန(နိုင်)၀၀၄၁၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုရတနာဝင်း (၁၂/တမန(နိုင်)၁၁၁၁၇၀)က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း( အောက်)၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉) ၊Brilliance Mansion Condominium ၊ Building(R2)၊ Basement+RC (၁၂)ထပ် အဆောက်အအုံ၏ (1 FL)အခန်း၊ အခန်းအမှတ် (R2-01-03)၊ ဧရိယာ(၉၄၄.၃၂) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော RED ROOF INVESTMENT DEVELOPMENT CO.,LTD (ကိုယ်စား) Assistant Manager ဒေါ်သင်းနုနုနိုင်(၁၃/ တကန(နိုင်) ၃၀၅၉၂၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ထက်နန္ဒာဇော်(၁၂/ရကန(နိုင်) ၀၇၄၀၀၂)က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်း အဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထက်နန္ဒာဇော်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာကျော် LL.B.D.B.L,D.I.L.D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၄)နေ ဦးတင်ကြည်(၁၂/သလန(နိုင်)၁၇၃၅၂၇)၏သား မောင်အောင်မျိုးထွန်း (၁၂/သလန(နိုင်) ၁၁၇၂၈၄)သည် မိဘစကားနားမထောင်ဘဲ မိဘသဘောမတူသူနှင့် လက်ထပ်ပေါင်းသင်းလျက် မိဘနှစ်ပါးအား ရိုင်းပျစွာပြုမူဆက်ဆံပြီး နေအိမ်ပေါ်မှ ဆင်းသွားပါသောကြောင့် မောင်အောင်မျိုးထွန်းအား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စအဝဝသည် မိဘများနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ( စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးတင်ကြည်** | **ဦးစောဝင်း(LL.B)** |
| **ဖခင်** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၆၁/၂၃-၅-၁၉၈၉)** |
| | **ဦးထွန်းစိန်လမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့၊** |
| | **ဖုန်း-၀၉- ၂၅၄၁၄၃၃၇၁** |

### အိတ်ဖွင့်တင်ဒါကြေညာချက်

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆောင်ရွက် လိုပါက အိတ်ဖွင့်တင်ဒါ တင်သွင်းပုံစံကြေးများကို တစ်စုံလျှင်(၂၀၀၀ိ/-ကျပ်) ဖြင့် ငွေလက်ခံဌာနတွင်ပေးသွင်းပြီး ငွေသွင်းပြေစာ မိတ္တူဖြင့် စာရင်းပြုဌာန ရုံးခန်းတွင် အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများရယူ၍ ဌာနမှူး(စီမံ/ဘဏ္ဍာ)ရုံးခန်းတွင် တင်ဒါ တင်သွင်းကြပါရန်ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - | (၂၅-၃-၂၀၂၄)ရက် (တနင်္လာနေ့) |
| ၂။ | တင်ဒါနောက်ဆုံး တင်သွင်းရမည့်အချိန် | - | (၁-၄-၂၀၂၄) ရက် မွန်းလွဲ( ၂:၀၀)နာရီတိတိ (တင်သွင်းသူကိုယ်တိုင်လာရောက်တင်သွင်းရမည်) |
| ၃။ | အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်အချိန် | - | (၃-၄-၂၀၂၄)ရက် နံနက်(၁၀:၀၀)နာရီ |

အသေးစိတ် အချက်အလက်များကို ဆိုင်ခန်းနေရာချထားရေးနှင့် ကြီးကြပ်မှုကော်မတီ (ဌာနမှူး၊ စီမံ/ဘဏ္ဍာ) ဖုန်းနံပါတ် (၀၉-၄၂၁၁ ၁၂၅၉၀)တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆိုင်ခန်းနေရာချထားရေးနှင့် ကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိဖြူ ၁၂/စခန(နိုင်)၀၇၄၇၆၀၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိဖြူသည် ဦးလမင်းထွန်း ၁၂/ဒပန(နိုင်) ၀၄၉၈၈၆ နှင့် ၂၀၂၁ခုနှစ်၊ ဇွန်လတွင် လက်ထပ်ပေါင်းသင်းခဲ့ပြီးသား မောင်ကောင်းမြတ်သုတအား ထွန်းကားခဲ့ပါသည်။ ယခုအခါ နှစ်ဦးနှစ်ဖက် စိတ်သဘောထားခြင်း မတိုက်ဆိုင်ကြတော့သဖြင့် ကွာရှင်းပြတ်စဲကြပြီး နှစ်ဦးပိုင်ဆိုင်သော အမှတ်(၂၁၉)၊ ၅လွှာ၊ ကျောင်းလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် တိုက်ခန်းအား တန်ဖိုးသတ်မှတ် အညီအမျှခွဲဝေယူကြရန် သဘောတူကြပြီးဖြစ်ပါသည်။ မိမိတို့ပိုင်ဆိုင်သော အထက်ဖော်ပြပါ တိုက်ခန်းအား အညီအမျှခွဲဝေမှုမပြီးပြတ်မီ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိဖြူ၏ ဆန္ဒသဘောတူညီချက် တစ်စုံတစ်ရာမရှိဘဲ တစ်ဦးတည်းသဘောဖြင့် အဆိုပါတိုက်ခန်းအား မည်သည့်လွှဲပြောင်းရောင်းချခြင်း တစ်စုံတစ်ရာ တရားမဝင် ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းအောင်ကျော်**
**(B.Sc. H.G.P, D.BL.D.IL.,DML)**
**အထက်တန်းရှေ့နေ (စဉ် -၂၃၂၂၂)**
**တိုက်(၄၀)၊ အခန်း(၁၀၁)၊ ရတနာလမ်း၊ စစ်တောင်းရိပ်မွန်၊**
**ယုဇနဥယျာဉ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၂၄၀၁၁၀၀**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၆)လမ်း၊ အမှတ်(၆၀၈)က ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ ၆ထပ်တိုက်၏ မြေညီထပ် အလျား x အနံ (၁၈ပေx ၅၄ပေ) ကျယ်ဝန်းသည့် တိုက်ခန်းအား ဒေါ်လှမြတ်သူ ၁၂/ဥကတ(နိုင်)၁၄၀၉၀၂မှ မိမိအမှန်တကယ်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သူ ဒေါ်ဝတ်ရည်ဖြိုး ၁၂/အစန(နိုင်)၀၆၄၁၈၅မှ အဆိုပါအခန်းအား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ စာ ရွက်စာတမ်း အထောက်အထားအခိုင်အလုံဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇင်ဦး(အထက်တန်းရှေ့နေ) LL.B (Q).PGDL.C.B.L**
**(စဉ်-၅၂၂၈၈)**
**အမှတ်(၃၄)၊ တပင်ရွှေထီးလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၅၇၀၁၇၂၈၉၊ ၀၉-၈၉၅၆၃၃၆၂၆**

### အများသိစေရန် ကြေညာချက်

၁။ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ မြေတိုင်းအမှတ်(၁/ဗမာအေး)၊ မြေကွက်အမှတ်(၁၅၁)၊ အမှတ်(၁၅၁)တွင် (၆)ထပ်တိုက် အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အား ဌာန၏ ၁၉-၆-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၂၁၃၈/၂၁၃၉/စည်ပင်-ယာ(အုံ) မြေအမည်ပေါက်မြေရှင် ဒေါ်ကျင်ရွှေ၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူဦးသက်နိုင်ဦး၊ လိုင်စင်ရကန်ထရိုက်တာ ဦးနေလင်းအောင်(LC-၇၂၈)နှင့်မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာဒေါ်တင်တင်ထွေး(RSE-၂၀၅၆)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ(၆)ထပ်တိုက်အဆောက်အအုံ၏ လိုင်စင်ရကန်ထရိုက်တာ ဦးနေလင်းအောင်(LC၇၂၈)မှာ လိုင်စင်ပိတ်သိမ်းခံထားရပါသဖြင့်၊ လိုင်စင်ရကန်ထရိုက်တာကင်းလွတ်ခွင့်ဖြင့်အဆောက်အအုံပြီးစီးကြောင်းလက်မှတ်(BCC)ခွင့်ပြုပေးပါရန် မြေရှင် ဒေါ်ကျင်ရွှေ(SP)ဦးသက်နိုင်ဦးမှ တင်ပြလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက် နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

# ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် စားသုံးသူ ပြည်သူများ လိုက်နာဆောင်ရွက်ရန် အသိပေးနိုးဆော်ခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းရှင်များသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀၊ စည်းမျဉ်း ခွဲ(က)၊ စည်းမျဉ်းခွဲငယ်(၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့်ပြေစာဖြင့် ရောင်းရငွေ/ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူပြည်သူများထံမှ တစ်ပါတည်း ကောက်ခံပေးရန် တာဝန်ရှိသကဲ့သို့ ကောက်ခံရရှိသော ထိုကုန်သွယ်လုပ်ငန်းခွန်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ပေးသွင်းရန်တာဝန်ရှိပါသည်-

(က) စားသောက်ဆိုင်လုပ်ငန်းရှင်များ၊
(ခ) ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊
(ဂ) ရုပ်သံလွှင့်မီဒီယာလုပ်ငန်းရှင်များ၊
(ဃ) ရွှေထည်လက်ဝတ်ရတနာရောင်းချသည့်လုပ်ငန်းရှင်များ၊
(င) လက်ကိုင်ဖုန်း( Handset ) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှုဆောင်ရွက်သည့်လုပ်ငန်းရှင်များ။

၂။ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်းအထောက်အထားများတွင် သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ် တံဆိပ်ကပ်နှိပ်ရန်ပျက်ကွက်ခြင်းတို့အတွက် သတင်းပေးတင်ပြသူက စာရွက်စာတမ်းအထောက်အထားဖြင့်ဖြစ်စေ၊ အသံဖိုင်အထောက်အထားဖြင့်ဖြစ်စေ တင်ပြလာခြင်းဖြစ်ပါက သတင်းပေးတင်ပြသူအား တပ်ရိုက်သည့် ဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ လက်ကိုင် ဖုန်း(Handset)များအပေါ်တွင် သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်ခြင်းအတွက် သတင်းပေးတင်ပြသူအား ၂၀ ရာခိုင်နှုန်းကိုလည်းကောင်း ဆုကြေးငွေအဖြစ် ချီးမြှင့်မည်ဖြစ်ပါသည်။

၃။ စားသုံးသူပြည်သူများအနေဖြင့် အထက်ပါလုပ်ငန်းရှင်များထံသို့ ကျသင့်ငွေပေးချေချိန်တွင် အခွန်အမှတ်တံဆိပ်ကပ်ထားသောပြေစာကို တောင်းယူခြင်းဖြင့်လည်းကောင်း၊ လုပ်ငန်းရှင်များက လည်း စားသုံးသူက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထား သောပြေစာများကိုသာ မဖြစ်မနေထုတ်ပေးခြင်းဖြင့်လည်းကောင်း ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနိုးဆော်အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

---

## Henry High Technology Microfinance Co,. Ltd ၏
## ဒါရိုက်တာအဖွဲ့ဝင်များပြောင်းလဲခြင်းနှင့် အစုရှယ်ယာလွှဲပြောင်းခြင်းအား အများသိစေရန်ကြေညာခြင်း

(၁၉-၀၂-၂၀၂၄) ရက်တွင်ကျင်းပသော ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ Henry High Technology Microfinance Co. Ltd. မှ အောက်ဖော်ပြပါ ဒါရိုက်တာများအနေဖြင့် နုတ်ထွက်ခြင်း၊ အစားထိုး ခန့်အပ်ခြင်းများအား (၂၀၁၇) ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ဆောင်ရွက်ပြီးစီးကြောင်းနှင့် အစားထိုး ပြင်ဆင်ဖွဲ့စည်းသည့် ဒါရိုက်တာအဖွဲ့ဝင်များအား အတည်ပြုခန့်အပ်ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

| ယခင် ဒါရိုက်တာအဖွဲ့ဝင်များ | ယခင်အစုရှယ်ယာ | ယခုဒါရိုက်တာအဖွဲ့ဝင်များ | ယခုအစုရှယ်ယာ |
|---|---|---|---|
| (၁) ဦးစိုင်းနော်လှိုင်း | ၁၂၅၀ | (၁) Mr. Fahmid Karim Bhuiya | - |
| (၂) ဦးနိုင်ရဲဝင်းငွေ | ၂၅၀ | (၂) Mr. Mamunur Rashid | - |
| (၃) ဦးနေအောင်မိုး | ၅၀၀ | (၃) ဦးသိန်းနိုင် | - |
| | | (၄) ဦးနေအောင်မိုး | ၅၀၀ |
| | | Prime MM Microfinance Co. Ltd. | ၆,၅၀၀ |

ဦးစိုင်းနော်လှိုင်းနှင့် ဦးနိုင်ရဲဝင်းငွေတို့သည် ၎င်းတို့၏ ဆန္ဒအလျောက်ဒါရိုက်တာအဖြစ်မှ နုတ်ထွက်ပြီး ၎င်းတို့၏ အစုရှယ်ယာများအား Prime MM Microfinance Co. Ltd. သို့ လွှဲပြောင်းခြင်းအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ (၂၈-၁၁-၂၀၁၅) ရက်စွဲပါ စာအမှတ် ငကစ/ကက-၆(၇၄/၂၀၁၅) အရ ဆောင်ရွက်ပြီး ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Henry High Technology Microfinance Co. Ltd

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်- (၂၁)ရပ်ကွက်၊ မြေကွက်အမှတ်- ၇၈၁/က၊ အကျယ်အဝန်း (ပေ ၂၀xပေ ၆၀) ဦးသောင်း (၁၂/သဃက(နိုင်)၀၆၈၁၁၄) အမည်ပေါက်၊ ပါမစ်မြေအမျိုး အစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်မြေအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးသောင်း (၁၂/သဃက(နိုင်)၀၆၈၁၁၄)ထံမှ စာချုပ်အဆက်စပ်ဖြင့် ဒေါ်ကေခိုင်ဝင်း (၁၂/သဃက(နိုင်)၁၄၁၇၄၀၈)မှ ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိ၍ ၎င်းသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ယုံကြည်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ် စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှထွေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၆၄၂၇)
အမှတ်- ၈၃/၈၅၊ အခန်း (၁၄)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၉၄၂၁၁၀၄၇၅၈

---

## ပတ်စပို့စ်ပျောက်

ကလောမြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အိမ်အမှတ် (၅/၂၃)နေ (ဘ) ဦးဒဲနီ၏သား မောင်ကောင်းခန့် ၁၃/ကလန (နိုင်) ၁၃၀၉၄၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-958645) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း - ၀၉-၇၉၉၀၄၇၆၈၇

---

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9598 ၏ ဖောင်းကြွနံပါတ်ပြား ပျောက် ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

ကညန၊ခရိုင်ရုံး
